# *She Leads* မြန်မာ

## ဂုဏ်ယူဝင့်ကြွားအမျိုးသမီးခေါင်းဆောင်များ





YAUNG CHI THIT

IFES · INTERNATIONAL FOUNDATION FOR ELECTORAL SYSTEMS · 30 Years

Australian Aid

UKaid




"မြန်မာနိုင်ငံဆိုင်ရာ ဩစတေးလျ နိုင်ငံသံအမတ်ကြီး တစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍများ၌ ပိုမိုပါဝင်လာရန် ရည်ရွယ်လုပ်ဆောင်သည့် "အမျိုးသမီးခေါင်းဆောင်များပိုများဖို့ တွဲလက်ညီညီ ရပ်ကြစို့" ကမ်ပိန်း ကို ပံ့ပိုးပေးရသည့်အတွက် များစွာဂုဏ်ယူမိပါသည်။ ဆုံးဖြတ် ချက်ချမှတ်သည့် ကဏ္ဍများ၊ ခေါင်းဆောင်မှု အခန်းကဏ္ဍများ နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အခန်းကဏ္ဍများတွင် အမျိုးသမီးများပါဝင် လာနိုင်စေခြင်းသည် အားကောင်းခိုင်မာ၍ သာယာဝပြောသော ဒီမိုကရေစီ နိုင်ငံတည်ဆောက်ရေး အတွက် အခရာ ကျလှပါသည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ သဘောထားအမြင်များကို ထုတ်ဖော်ခြင်း၊ ဦးစားပေး လုပ် ဆောင်သင့်သည့်အရာများကိုလုပ်ဆောင်ခြင်း၊ ဘဝ အတွေ့အကြုံများမှရရှိသောစွမ်းအားများကို အသုံးချနိုင်ခြင်း တို့လုပ်ဆောင်လာနိုင်စေရန်အတွက် ကျွန်ုပ်တို့အားလုံး အတူတကွ အားပေးမြှင့်တင်ကြရမည် ဖြစ်ပါသည်။ ထိုမှ တစ်ဆင့် ခိုင်မာအားကောင်းပြီး အားလုံး ပါဝင်နိုင်သည့် ဒီမိုကရေစီ ကိုယ်စားပြုမှု အလေ့အကျင့် ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ရောင်ခြည်သစ်အဖွဲ့၏ ကြိုးပမ်းမှုများ၊ ရည်မှန်းချက်များအောင်မြင်စေရန် အားသွန်ခွန်စိုက်လုပ်ဆောင်မှုများအတွက် ကျွန်ုပ်အနေဖြင့် ဂုဏ်ပြုလိုပါသည်။ ရွေးကောက်ပွဲစနစ်များဆိုင်ရာ နိုင်ငံတကာ ဖောင်ဒေးရှင်း (IFES) ၏ အမျိုးသမီးခေါင်းဆောင်မှု၊ ကျား/မ တန်းတူညီမျှမှု၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် ကောင်းမွန် သော အုပ်ချုပ်မှုစသည့် ကဏ္ဍအသီးသီးတို့တွင် မြှင့်တင် ဆောင်ရွက် နေမှုများအတွက်လည်း ကျွန်ုပ်က ဂုဏ်ပြုလို ပါသည်။ "အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့ တွဲလက် ညီညီရပ်ကြစို့"

အင်ဒရီရာ ဖော့လ်ကနာ
မြန်မာနိုင်ငံဆိုင်ရာဩစတေးလျနိုင်ငံသံအမတ်ကြီး




မြန်မာနိုင်ငံ၏ ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာနအကြီးအကဲတစ်ဦးအနေဖြင့် မြန်မာနိုင်ငံအနာဂတ်ဒီမိုကရေစီမျိုးဆက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျား/မ တန်းတူ မညီမျှမှုအပေါ် ကိုင်တွယ်ဖြေရှင်းရန်မှာ အမှန်တကယ် လိုအပ်ချက်တစ်ခုဖြစ်သည်ဟု ကျွန်မအနေဖြင့် အပြည့်အဝယုံကြည်ပါသည်။ ထို့အတွက်ကြောင့် တွဲလက်ညီညီ ကမ်ပိန်းလှုပ်ရှားမှုကို ပံ့ပိုးပေးရသည့် အတွက်များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ရပ်ရွာဒေသ များတွင် နေထိုင်သည့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများတွင် ခေါင်းဆောင်များဖြစ်လာရန်အခွင့်အလမ်းများလွန်စွာ နည်းပါးပြီး ကျား/မ ရေးရာရှေးရိုးစွဲ အယူအဆများမှ ရုန်းထွက်ရန်လည်းအလွန်ခက်ခဲလှသည်။ အမျိုးသမီးများ နိုင်ငံတည်ဆောက်ရာတွင်ပါဝင်လာရေးအတွက် စွမ်းရည်မြှင့်တင်ခြင်းများကိုလက်ဆင့်ကမ်းလုပ်ဆောင်သွားရမည်ဖြစ် သည်။ ယခုနှစ်များအတွင်း ရောင်ခြည်သစ်အဖွဲ့သည် ရွေးကောက်ပွဲစနစ်များဆိုင်ရာ နိုင်ငံတကာဖောင်ဒေးရှင်း(IFES) နှင့်အတူ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အမျိုးသမီးများ၏ဦးဆောင်မှုအခန်း ကဏ္ဍမြင့်မားလာစေရန် ကြိုးပမ်းလုပ်ဆောင်ရာတွင် အောင်မြင်မှုများရရှိခဲ့သည့်အတွက် အလွန်အမင်းဂုဏ်ယူဝမ်း မြောက်ကြောင်းပြောကြားလိုပါသည်။ "အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့ တွဲလက်ညီညီ ရပ်ကြစို့"

ဒေါက်တာ ဂါလိမာဇက်တီ
ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာနအကြီးအကဲ
မြန်မာနိုင်ငံ

# ကျေးဇူးတင်လွှာ

*She Leads* မြန်မာ-ဂုဏ်ယူဝင့်ကြွားအမျိုးသမီးခေါင်းဆောင်များစာအုပ်ကို ရွေးကောက်ပွဲစနစ်များဆိုင်ရာ နိုင်ငံတကာဖောင်ဒေးရှင်း (IFES) မှ ကျား/မရေးရာနှင့်သင်တန်းဆိုင်ရာအကြီးတန်းအကြံပေးအရာရှိ ကေတီရိုင်ယန်၊ IFES မြန်မာ နှင့်အတူ ရောင်ခြည်သစ်အဖွဲ့ မှ ပြုစုရေးသားထားခြင်းဖြစ်သည်။

ကေတီရိုင်ယန်သည် IFES အဖွဲ့၏ အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာလုပ်ငန်းအစီ အစဉ်များကို ဆယ်စုနှစ်တစ်နှစ်ကျော်ကြာ လုပ်ဆောင်နေသူဖြစ်သည်။ ထိုအစီအစဉ်များကို ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံတို့တွင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ရောင်ခြည်သစ်အဖွဲ့၏ *She Leads* အမျိုးသမီး ခေါင်းဆောင်မှုစွမ်းရည်မြှင့် တင်ရေးအစီအစဉ်အတွက် နည်းပညာဆိုင်ရာအကြံပေးလုပ်ငန်းများကိုလုပ်ဆောင်ပေးနေသူ တစ်ဦးဖြစ်သည်။ မကြာခင်တွင်လည်း နီပေါနိုင်ငံ၌ IFES မှအကောင်အထည်ဖေါ်လုပ်ဆောင်မည့် *She Leads* အစီအစဉ်တွင် ပါဝင်လုပ်ဆောင်သွားမည်ဖြစ်သည်။ *She Leads* အစီအစဉ်သည် IFES အဖွဲ့၏ နိုင်ငံတကာတွင်လုပ်ဆောင်ခဲ့သည့်အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် ရောင်ခြည်သစ်အဖွဲ့၏ ဒေသဆိုင်ရာဗဟုသုတကြွယ်ဝမှုနှင့် လုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံကာ အကောင်အထည်ဖေါ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

ရောင်ခြည်သစ်အဖွဲ့ကို ၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ အဖွဲ့၏မျှော်မှန်းချက်ဖြစ်သည့် "ဖွံ့ဖြိုးတိုးတက်ပြီး၊ ကျား/မရေးရာတန်းတူညီမျှမှုနှင့်တရားမျှတမှုရှိသည့်ငြိမ်းချမ်းသာယာဝဖြိုးသော ဒီမိုကရက်တစ်လူ့ဘောင်ဖြစ်လာရမည်။" နှင့်အညီ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေးနှင့်လူမှုရေးကဏ္ဍများတွင် အမျိုးသမီးများနှင့် လူငယ်များပိုမိုပါဝင်လုပ်ဆောင်လာနိုင်ရန်အတွက် တစ်စိုက်မတ်မတ်လုပ်ဆောင်နေသည်။ *She Leads* အစီအစဉ်သည် ရောင်ခြည်သစ်အဖွဲ့၏ မျှော်မှန်းချက် တစ်စိတ်တစ်ဒေသကိုပြည့်မီအောင်လုပ်ဆောင်နေသည့်အစီအစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍပေါင်းစုံ၏အဆင့်တိုင်းတွင် အမျိုးသမီးများပိုမိုပါဝင်လုပ်ဆောင်လာနိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေသည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။

ရောင်ခြည်သစ်နှင့် IFES အဖွဲ့တို့အနေဖြင့် မြန်မာနိုင်ငံတွင် *She Leads* အစီအစဉ်ကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် ငွေကြေးအားဖြင့် ပံ့ပိုးပေးခဲ့ကြသည့် Foreign Affairs and Trade (DFAT)၊ the United Kingdom's Department for International Development (DFID) နှင့် the Swiss Agency for Development and Cooperation (SDC) တို့ကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။ ဤအစီအစဉ်ကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ဒေါ်ခင်ခင်မြ(ကျား/မရေးရာကျွမ်းကျင်သူ)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးကော်မရှင်ခွဲများ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ She Leads သင်တန်းသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှအရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်ရွာခေါင်းဆောင်များ၊ ရောင်ခြည်သစ်အဖွဲ့သားများနှင့် IFES အဖွဲ့သားများ၏ အကူအညီကိုမရရှိခဲ့လျှင် ယခုကဲ့သို့ အောင်မြင်သည့်အစီအစဉ်ဖြစ်အောင်အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်ပေ။ ထိုကဲ့သို့အောင်မြင် အောင်လုပ်ဆောင်ရာတွင် ပါဝင်အားဖြည့်ပေးခဲ့ကြသူတစ်ဦးစီတိုင်းကို အထူးပြင်ကျေးဇူး ဥပကာရတင်ရှိပါသည်။

ရောင်ခြည်သစ်

ရွေးကောက်ပွဲစနစ်များဆိုင်ရာနိုင်ငံတကာဖောင်ဒေးရှင်း (IFES)
မတ်လ၊ ၂၀၁၉ ခုနှစ်


She Leads
အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့
တွဲလက်ညီညီ ရပ်ကြစို့
Australian Aid
www.yaungchithit.org
အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့
တွဲလက်ညီညီ ရပ်ကြစို့

# အမှာစာ

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၌ အမျိုးသမီးများ နိုင်ငံရေးကဏ္ဍတွင် ပိုမိုတက်ကြွစွာပါဝင်လာနိုင်ခဲ့ကြသော်လည်း၊ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်ကဏ္ဍအသီးသီး၏အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်မှုမှာလွန်စွာနည်းပါးနေသေးသည်ကိုတွေ့ရှိနေရပါသည်။ လွှတ်တော်အတွင်း အမျိုးသမီးပါဝင်မှု ၁၃ ရာခိုင်နှုန်းသာရှိသည့်အတွက် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်လွှတ်တော်တွင်းအမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းအနည်းဆုံးနှင့် အရှေ့တောင်အာရှတွင် ဒုတိယအနည်းဆုံးနိုင်ငံတစ်နိုင်ငံ အဖြစ်ရပ်တည်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင်အမျိုးသမီးများကိုယ်စား ပြုပါဝင်မှုနည်းပါးနေသည့်ကိစ္စရပ်ကို ဖြေရှင်းဆောင်ရွက်ရန် ရည်သန်လျှက် မြန်မာနိုင်ငံအစိုးရသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်ကို အကောင်အထည်ဖော်လုပ်ဆောင်ရန်ကတိကဝတ်ပြုထားသည်နှင့်အညီ တိုးတက်ဖြစ်ထွန်းမှုများရှိစေရန်လုပ်ဆောင်ခဲ့ပါသည်။ သို့သော်လည်း လက်ရှိအချက်အလက်များအရ ဆက်လက်လုပ်ဆောင်ရန်လိုအပ်သည့် ကိစ္စရပ်များစွာရှိနေပါသေးသည်။

ရောင်ခြည်သစ်အဖွဲ့၏ မျှော်မှန်းချက်မှာ "ဖွံ့ဖြိုးတိုးတက်ပြီး၊ ကျား/မရေးရာတန်းတူညီမျှမှုနှင့် တရားမျှတမှုရှိသည့် ငြိမ်းချမ်း သာယာဝပြောသောဒီမိုကရက်တစ်လူ့ဘောင်ဖြစ်လာရမည်"ဖြစ်သည်။ အဆိုပါမျှော်မှန်း ထားသည့်အရာတစ်ခုဖြစ်သောကျား/မတန်းတူညီမျှမှုရှိသည့်လူ့ဘောင်ဖြစ်လာစေရန်အတွက် အမျိုးသမီးများသည် အပြောင်းအလဲများဖော်ဆောင်မည့်ခေါင်းဆောင်မှုကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်ရန် အခွင့်အရေးများ၊စွမ်းရည်များလက်လှမ်းမီရရှိရန်လိုအပ်ပါသည်။ သို့မှသာ အမျိုးသမီးများသည် အများပြည်သူဆိုင်ရာကဏ္ဍများ၊ နိုင်ငံရေးကဏ္ဍများ၏အဆင့်အသီးသီးတို့တွင် အဓိပ္ပါယ်ပြည့်ဝစွာပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ၎င်းတို့၏ အသံများကိုလည်းထုတ်ဖော်လာနိုင်မည်ဖြစ်ပါသည်။

ရောင်ခြည်သစ်အဖွဲ့သည် ၂၀၁၅ ခုနှစ်ကတည်းက IFES နှင့် အတူလက်တွဲ၍ *She Leads* အမျိုးသမီးခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ရေးအစီစဉ်ကို မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ နေရာ ၁၇ နေရာ တွင် အကောင်အထည် ဖော်လုပ်ဆောင်နေသည်။ *She Leads* အစီအစဉ်သည် အမျိုးသမီးများခေါင်း ဆောင်ဖြစ်လာရန်အတွက် ရင်ဆိုင်တွေ့ကြုံ နေရသည့်အခက်အခဲ၊ အတားအဆီးများကိုအတူတကွဖော်ထုတ်ကြပြီး၊ အမျိုးသမီးများ ခေါင်းဆောင်မှုအခန်းကဏ္ဍများ တွင်တာဝန်ယူလုပ်ဆောင်လာနိုင်ရန် လိုအပ်သည့် စွမ်းရည်များ၊ ဗဟုသုတများကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ဖန်တီး ပေးထားသည့်အရာတစ်ခုဖြစ်သည်။

ရောင်ခြည်သစ်အဖွဲ့သည် အမျိုးသမီးခေါင်းဆောင်မှုမိတ်ဆက်သင်တန်း၊ အဆင့်မြင့်သင်တန်းနှင့် လူငယ်အမျိုးသမီးခေါင်းဆောင်မှုသင်တန်းအပါအဝင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းရှိ အမျိုးသမီးများ အတွက် ခေါင်းဆောင်မှုသင်တန်းများ စသည်ဖြင့် သင်တန်းများပုံစံခွဲပြီးပြုလုပ်ပေးခဲ့ရာ ယခုအချိန်အထိ မြန်မာနိုင်ငံတစ်ဝှမ်းမှ အမျိုးသမီးပေါင်း ၁၈၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိသည်။

*She Leads* သင်တန်းကိုတက်ရောက်ခဲ့ကြသည့်သင်တန်းသူများ၏ ကဏ္ဍပေါင်းစုံတွင် ဦးဆောင်ဦးရွက် ပါဝင်လုပ်ဆောင်လာနိုင်ကြခြင်းနှင့် မြန်မာနိုင်ငံတွင် ကျား/မ တန်းတူညီမျှမှု တိုးတက် ရရှိလာစေရန် ကြိုးပမ်း အားထုတ်ခြင်းတို့သည် *She Leads* အစီအစဉ်၏အောင်မြင်မှုပြယုဂ်အနေဖြင့် သိသာထင်ရှားစွာမြင်နေရသည်။ ထိုကဲ့သို့ *She Leads* အစီအစဉ်၏လုပ်ဆောင်ချက်များ၊ သင်တန်းသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊အောင်မြင်မှုရရှိရန်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပုံများနှင့် ၎င်းတို့၏အတုယူဖွယ်ရာဆောင်ရွက်ချက်များကို ဤစာအုပ်တွင် မီးမောင်းထိုးပြထားပါသည်။

ခင်လှ<br>
ဒါရိုက်တာ<br>
ရောင်ခြည်သစ်<br>
မတ်လ၊ ၂၀၁၉ ခုနှစ်

# IFES ၏ အမှာစာ

မြန်မာနိုင်ငံရှိ နိုင်ငံရေးနှင့်ဆုံးဖြတ်ချက်ချမှတ်သော ကဏ္ဍများအဆင့်အားလုံးတွင် အမျိုးသမီးကိုယ်စားပြုမှု သိသိသာသာ နည်းပါးနေသည်ကို အလေးအနက်ထား ဖြေရှင်းဆောင်ရွက်ရာတွင် ကူညီရန်လည်းကောင်း၊ IFES မြန်မာ၏ ကျား/မ ရေးရာတန်းတူညီမျှမှု နှင့် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ပါဝင်မှုတို့ကို မြှင့်တင်သည့် အစိတ်အပိုင်းတစ်ခုအဖြစ်လည်းကောင်း Australian Aid နှင့် UK Aid တို့ ၏ ပံ့ပိုးပေးမှုတို့ဖြင့် ပြီးခဲ့သည့် ၅ နှစ်ကာလအတွင်း ရောင်ခြည်သစ် နှင့် လက်တွဲကာ She Leads အစီအစဉ်များကို မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းအားလုံးတို့ တွင် လုပ်ဆောင်နိုင်ခဲ့သည်ကို ကျွန်ုပ်တို့အနေဖြင့် များစွာဂုဏ်ယူမိပါသည်။

*She Leads* မြန်မာသည် IFES ၏ အမျိုးသမီးခေါင်းဆောင်မှု အစီအစဉ်များနှင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် အိန္ဒိယတို့မှ အတွေ့အကြုံများ အပေါ်တွင်မှီတည်၍ ရေးဆွဲထားသော အစီအစဉ်ဖြစ်ပြီး ရောင်ခြည်သစ်နှင့် မိတ်ဖက်ဆောင်ရွက်ကာ မြန်မာနိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေမှုရှိအောင် စီမံရေးဆွဲထားသော အစီအစဉ်ဖြစ်ပါသည်။ ထိုကဲ့သို့ အကောင်းဆုံးဖြစ်အောင် ပိုင်းဂန်းလုပ်ဆောင်ထားခြင်းကြောင့် အောင်မြင်ပြီး အကျိုးသက်ရောက်မှုရှိသော အစီအစဉ်တစ်ခုဖြစ်ပြီး IFES အနေဖြင့် နောက်ဆက်တွဲ *She Leads* အစီအစဉ်များကို မကြာသေးမီကပင် နီပေါ နှင့် သီရိလင်္ကာနိုင်ငံများတွင် ရေးဆွဲ အကောင်အထည်ဖော်ရန် တွန်းအားတစ်ရပ် ဖြစ်ခဲ့ပါသည်။

ဤကဲ့သို့ ကျယ်ပြန့်ပြီး ပါဝင်နိုင်မှု အားကောင်းသော အစီအစဉ်မှတစ်ဆင့် မသန်စွမ်းသူ အမျိုးသမီးများ အပါအဝင် အသက်အရွယ်အမျိုးမျိုး၊ ဘာသာကိုးကွယ်မှု၊ လူမျိုးစုနောက်ခံအမျိုးမျိုးတို့ မှ အမျိုးသမီးပေါင်း ၁၈၀၀ ခန့်ကို စွမ်းရည်များနှင့် အသိပညာများ တိုးမြှင့်လာအောင် ပံ့ပိုးမှုများပေးနိုင်သကဲ့သို့ အပြောင်းအလဲများ ဖော်ဆောင်သည့် ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်သည့်အခါ လိုအပ်သည့် မိမိကိုယ်ကို ယုံကြည်မှုတိုးပွားလာအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ဤစီမံကိန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းသည် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အဓိကအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် အတူပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကဏ္ဍစုံဖြင့် ချိတ်ဆက်ဆောင်ရွက်သော ဤအစီအစဉ်၏ အကျိုးသက်ရောက်မှုများကို ငယ်ရွယ်သူများ၊ အသက်အရွယ် ကြီးရင့်သူများ၊ မြို့ပြတွင်နေထိုင်သူများ ၊ ကျေးလက်တွင် နေထိုင်သူများ၊ ယုံကြည်ကိုးကွယ်မှု မတူညီသူများ၊ လူမျိုးစုကွဲပြားသူများ၊ ဘာသာစကားကွဲပြားသူများ၊ မသန်စွမ်းသူများ၊ ပညာရေး အားနည်းသူများ စသော မတူကွဲပြားမှု ပေါင်းစုံရှိသည့် ပါဝင်သူများအကြားတွင် ကျယ်ပြန့် စွာ တွေ့ မြင်ရ ပါသည်။ အနှစ်သာရရှိပြီး အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုများအတွက် အတားအဆီး များစွာရှိနေသည့် လူ့အဖွဲ့ အစည်းတစ်ရပ်၌ *She Leads* အစီအစဉ်တွင် ပါဝင်လုပ်ဆောင်ရန်အတွက်မှု မည်သည့်အတားအဆီးမျှမရှိပဲ လေ့လာလိုစိတ် ပြင်းပြရန်သာ လိုအပ်ပါသည်။

*She Leads* အစီအစဉ်တွင် ပါဝင်ခဲ့သည့်သင်တန်းသူများသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွင်း ခေါင်းဆောင်မှုအခန်းကဏ္ဍများ၌ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်ကို တွေ့ မြင်နိုင်ပါသည်။ ထိုသင်တန်းသူများ ထဲမှ တစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး၊ အခြားသောသင်တန်းသူများ မှာလည်း ၎င်းတို့ ၏ ကိုယ်ပိုင်အဖွဲ့ အစည်းများ တည်ထောင်၍ သော်လည်းကောင်း၊ အစုအဖွဲ့ များစုဖွဲ့ ၍သော် လည်းကောင်း ကျား/မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊ ဒေသအလိုက် အမျိုးသမီးများ တွေ့ ကြုံနေရသည့်

အခက်အခဲ ကိစ္စရပ်များကို ကဏ္ဍပေါင်းစုံတွင် ပါဝင်ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။ *She Leads* အစီအစဉ်တွင် တက်ရောက်ခဲ့ကြသော သင်တန်းသူများသည် ကဏ္ဍစုံရှိ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများအား တိုက်တွန်းနှိုးဆော်ခြင်း၊ သတင်းအချက်အလက်များမျှဝေပေးခြင်းနှင့် ၎င်းတို့ ၏ ရပ်ရွာဒေသများရှိ ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီး ခေါင်းဆောင်များ ပိုမိုလိုအပ်နေသည်ကို ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ၊ အမျိုးသားခေါင်းဆောင်များ အပါအဝင် ဒေသအသီးသီးမှ လူမှုအသိုက်အဝန်းများ အကြားတွင် မီးမောင်းထိုးပြနိုင်ရန် "အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့ တွဲလက်ညီညီရပ်ကြစို့" ကမ်ပိန်းလှုပ်ရှားမှုကို လုပ်ဆောင်ခဲ့ကြသည်။

ဤအစီအစဉ်တွင် ကြိုးစားအားထုတ်လုပ်ဆောင်မှုများအတွက် ရောင်ခြည်သစ်၊ *She Leads* သင်တန်းသူများနှင့် IFES မြန်မာအဖွဲ့တို့အား ကျွန်တော့်အနေဖြင့် အထူးပင်ကျေးဇူးတင်လိုပါသည်။ ထို့အတူ ရွေးကောက်ပွဲများအတွင်း ပံ့ပိုးပါဝင်ပေးပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊  အစီအစဉ်တစ်လျှောက်လုံး စိတ်အားထက်သန်စွာ ပံ့ပိုးပေးပါသော Australian Aid နှင့် UK Aid တို့ကို လည်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။ ထိုကဲ့သို့သော ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အမျိုးသမီးများစွမ်းရည်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံ ပေးခြင်းတို့ကြောင့် အမျိုးသမီးများ၏ စွမ်းရည်များကို ထုတ်ဖော်ပြသသည့် အခါတွင် ရရှိလာသည့် အောင်မြင်မှုများကို ပထမဆုံးမြင်တွေ့နိုင်ခဲ့ပါသည်။

Paul Guerin<br>
Country Director<br>
IFES  Myanmar<br>
၂၀၁၉ ခုနှစ် မတ်လ

# မာတိကာ

၁. မြန်မာနိုင်ငံ၏ အမျိုးသမီးဦးဆောင်မှုအခန်းကဏ္ဍ အတွက်လိုအပ်ချက် ......... ၁၁

၂. မြန်မာနိုင်ငံအနေဖြင့် ကျား/မ တန်းတူညီမျှ ရေးနှင့်အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ချက်များ .................................. ၁၅

၃. *She Leads* အကြောင်း ............................................................ ၁၉

က . *She Leads* အစီအစဉ်အကြောင်း အကျဉ်းချုပ် . . . . . . . . . . . . . . . . . . . . . . . . ၁၉

ဂ . သင်တန်းအပြီးလုပ်ဆောင်ချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃

ဃ. အားလုံးပါဝင်ရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၅

င. သင်တန်းသူများကွန်ရက်ချိတ်ဆက်လုပ်ဆောင်ခြင်း . . . . . . . . . . . . . . . . . . . . . ၂၇

စ. အဓိကပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း . . . . . . . . . . . . . . . . ၂၉

၄. ***She Leads*** နှင့်ရွေးကောက်ပွဲများ ....................................................... ၃၃

၅. တွဲလက်ညီညီကမ်ပိန်းနှင့် တိုက်တွန်းနိုးဆော်ခြင်း.................................. ၃၇

၆. ***She Leads*** ၏ အကျိုးသက်ရောက်မှု....................................................... ၄၁

၇. သင်တန်းသူများ၏ တိုးတက်မှုဖြစ်ရပ်မှန် ........................................... ၄၇

က. ကဏ္ဍစုံမှပါဂင်ပတ်သက်သူများနှင့်လက်တွဲလုပ်ဆောင်ခြင်း . . . . . . . . . . . . . . . . ၄၇

ခ. နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် . . . . . . . . . . . . . . . . . . . . . . . . . .
နေထိုင်သောအမျိုးသမီးများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၉

ဂ. ကျား/မရေးရာအခြေပြုအကြမ်းဖက်မှု. . . . . . . . . . . . . . . . . . . . . . . . . . . . ၅၁

ဃ. ရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦး ဖြစ်လာခြင်း . . . . . . . . . . . . . . . . . . . . . ၅၃

င. ရွေးကောက်ပွဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၅

စ. အမျိုးသားများ ပူးပေါင်းပါဝင်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇

ဆ. အားလုံးပါဂင်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉

ဇ. ရပ်ရွာခေါင်းဆောင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁

ဈ. အမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရည်မြှင့်မားရေး . . . . . . . . . . . . . . . . . . . . ၆၃

ည. တိုက်တွန်းနိုးဆော်ခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၅

ဋ. လူငယ်အမျိုးသမီး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၇

# မြန်မာနိုင်ငံတွင် အမျိုးသမီးများ ကိုယ်စားပြုမှု

ရွေးကောက်ခံကိုယ်စားလှယ် ၄၉၃ ဦးအနက် ၆၃ ဦးသာ အမျိုးသမီးများဖြစ်ကြသည်။

ပြည်ထောင်စု အဆင့်ဝန်ကြီး ၂၄ ဦးအနက် အမျိုးသမီးဝန်ကြီး ၁ ဦး

တပ်မတော်သား ရွေးကောက်ခံ ကိုယ်စားလှယ် ၁၆၆ ဦးအနက် အမျိုးသမီး ၆ ဦးသာ ရှိသည်။

ပြည်နယ်/တိုင်းဒေသ ကြီးအဆင့်ဝန်ကြီး ၁၃၃ ဦးအနက် အမျိုးသမီးဝန်ကြီး ၁၀ ဦး

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက် ပွဲများတွင် စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ်လောင်း ၆၀၈၃ ဦးအနက် အမျိုးသမီးကိုယ် စားလှယ်လောင်း ၈၀၀ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြို့နယ်အဆင့်အထွေထွေ အုပ်ချုပ်ရေးမှူး ၃၃၀ ဦးအနက် အမျိုးသမီးအုပ်ချုပ် ရေးမှူး ၂ ဦး

ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တို့တွင် အထွေထွေအုပ်ချုပ် ရေးမှူး ၁၆၇၄၃ ဦးအနက် အမျိုးသမီးအုပ်ချုပ် ရေးမှူး ၁၀၁ ဦး

# ၁. မြန်မာနိုင်ငံ၏ အမျိုးသမီးဦးဆောင်မှုအခန်းကဏ္ဍ အတွက်လိုအပ်ချက်



*"မြန်မာနိုင်ငံမှာ အမျိုးသမီးတွေရဲ့ ကိုယ်စားပြုမှု တိုးတက်လာတယ် ဆိုပေမယ့် အရမ်းကို နည်းနေပါသေးတယ်။ အမျိုးသမီးတွေမှာ လုပ်ကိုင်နိုင်စွမ်းတွေ၊ လုပ်ပေးနိုင်စွမ်းတွေ အများကြီးရှိနေပြီး၊ အဲဒါတွေကိုသာ အသုံးပြု မယ်ဆိုရင် ပြည်နယ်အတွက်ရော နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းလာမှာပါ။ ရာထူးကြီးတဲ့ နေရာဌာနတွေမှာ အမျိုးသမီးတွေ ဒီထက် အများကြီးပါဝင်လာဖို့ လိုပြီး၊ သူတို့ ရဲ့ စွမ်းရည်တွေကိုလည်း အသုံးပြု နိုင်ဖို့လိုပါတယ်။"*

နန်းအေးကြည်၊ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ကရင်ပြည်နယ်။

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတစ်လျှောက်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသမီး ကိုယ်စားလှယ်လောင်းများဝင်ရောက်ယှဉ်ပြိုင်မှုမှာမြင့်တက်ခဲ့ပြီး ယခင်ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် အမျိုးသမီးကိုယ်စားလှယ်များအဖြစ်အရွေးချယ်ခံရမှုမှာနှစ်ဆကျော်မြင့်တက်ခဲ့သည်။သို့ရာတွင် နိုင်ငံတကာစံနှုန်းများအရမြန်မာနိုင်ငံသည်နောက်ကျကျန်ရစ်ပြီး၊ အာရှနိုင်ငံများ၏ လွှတ်တော်အတွင်းအမျိုးသမီးကိုယ်စားပြုမှုတွင် အနိမ့်ကျဆုံးအဆင့်၌ရှိနေပြီး၊ ပြည်ထောင်စုအဆင့်တွင်လည်း အမျိုးသမီးဝန်ကြီး တစ်ဦးသာရှိ သည်။

ထိုကဲ့သို့ အမျိုးသမီးများဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်း (ရပ်ရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စု) တွင် ကိုယ်စားပြုမှုအလွန်နည်းပါးရသည့်အကြောင်းအရင်းများစွာရှိသည်။ အဆိုပါအကြောင်းအရင်းများတွင် ပညာရေးနှင့် အရင်းအမြစ်များလက်လှမ်းမီမှုမှသည် လူမှုအသိုက်အဝန်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို ကန့်သတ်ထားသည့် လူမှုရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာ အတားအဆီးများအထိပါဝင်နေသည်။




မြန်မာနိုင်ငံသည် Inter Parliamentary Union (IPU) ၏ ညွှန်းကိန်းအရ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၉၁ နိုင်ငံအနက် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ အမျိုးသမီးများကိုယ်စားပြုမှုတွင် အဆင့် ၁၆၁ နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဒုတိယအဆင့် အနိမ့်ဆုံးအဆင့်ဖြင့် ရပ်တည်လျှက်ရှိသည်။

IPU data February 2019

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များ၌ အမျိုးသမီးများပါဝင်လာရေးနှင့် ကျား/မတန်းတူညီမျှရေးတို့ လုပ်ဆောင်ရန်အခွင့်အလမ်းပေးနေသည်။ ဤအခြေအနေသည် အမျိုးသမီးများပိုမိုပါဝင်လာခြင်းအားဖြင့် အကျိုးကျေးဇူးများရရှိမည်ကို မီးမောင်းထိုးပြရမည့် အခွင့်အခါကောင်းဖြစ်သည်။

အမျိုးသမီးများ အဘယ်ကြောင့် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင် ပါဝင်သင့်သနည်း။

- အကယ်၍ အမျိုးသမီးများသည် နိုင်ငံရေးနှင့်ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင် တန်းတူညီမျှ ပါဝင်မှုမရှိလျှင် ဒီမိုကရေစီစံနှုန်းပြည့်ဝသောနိုင်ငံဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။
- အမျိုးသမီးများပိုမိုပါဝင်လာခြင်းဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏လိုအပ်ချက်နှင့် စိတ်ဝင်စားမှုကို သေချာစေသည့် ဥပဒေများ၊ မူဝါဒများ၊ အစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်လာနိုင်မည်ဖြစ်သည်။
- အမျိုးသမီးများပိုမိုပါဝင်လာခြင်း၊ အထူးသဖြင့် မသန်စွမ်းအမျိုးသမီးများနှင့် မေ့လျော့ခံထားရသည့် အမျိုးသမီးများပါဝင်လာခြင်းဖြင့် အကြမ်းဖက်မှုများ နည်းပါးလာပြီး ပိုမိုသည်းခံနိုင်မှုရှိသည့် လူမှုအသိုက်အဝန်းဖြစ်လာမည် ဖြစ်သည်။
- သုတေသနစာတမ်းများက ကျား/မတန်းတူညီမျှမှုသည် ကြွယ်ဝချမ်းသာသော လူမှုအသိုက်အဝန်းနှင့် ပိုမိုကောင်းမွန်သောစီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်သည်ဟု ညွှန်ပြထားသည်။



*"She Leads ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေအတွက် အရေးကြီးပါတယ်။ ဘာလို့ လဲဆိုတော့ အခြားနိုင်ငံတွေမှာဆိုရင် လွှတ်တော်ထဲမှာ အမျိုးသမီးတွေ အများကြီးရှိတယ်၊ မြန်မာနိုင်ငံမှာတော့ အမျိုးသမီး ကိုယ်စားလှယ် နည်းနည်းပဲ ရှိပါတယ်။ အမျိုးသမီးတွေ ပိုပြီး ရွေးကောက်ခံရဖို့ အရေးကြီးပါတယ်။ အမျိုးသမီးတွေ ကြုံတွေ့ ရတဲ့ ကိစ္စတွေကို အမျိုးသမီးတွေကပဲ သိပြီး၊ လွှတ်တော်ထဲမှာ သူတို့ရဲ့ အသံများပါဝင်အောင် မြှင့်တင်ပေးဖို့ လိုပါတယ်။"*

ညွှန့် ရီ၊ *She Leads* သင်တန်းသူ၊ တောင်ကြီး။



နန်းမြအေး၊ ကရင်ပြည်နယ်၊ *She Leads* သင်တန်းသူ၊ တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲနှောင်းပိုင်းကာလ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး၊ ရန်ကုန်။ နန်းမြအေး သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



*She Leads* သင်တန်းသူများ၊ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၊ မကွေး။

# ၂. မြန်မာနိုင်ငံအနေဖြင့် ကျား/မ တန်းတူညီမျှရေးနှင့်အမျိုးသမီးများစွမ်းရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ချက်များ



*" မြန်မာနိုင်ငံတွင် နိုင်ငံရေး၌ ကျား/မတန်းတူညီမျှစွာ ပါဝင်နိုင်ရန်အမှန်တကယ်လိုအပ်နေပါသည်။ သို့မှသာ ဒီမိုကရေစီအရည်အသွေးများတိုးတက်လာပြီး ပြည်တွင်းနှင့် နိုင်ငံတကာဆိုင်ရာ မူဂါဒရေးရာ ဂတိကဂတ်များကို ပြည့်မီအောင် လုပ်ဆောင်လာ နိုင်မည်ဖြစ်သည်။ "*[1]

ကျား/မ ရေးရာ တန်းတူညီမျှမှုကွန်ယက်

မြန်မာနိုင်ငံအစိုးရသည် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများအခွင့်အရေးအတွက် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။ မြန်မာနိုင်ငံအစိုးရသည် အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (စီဒေါ)၊ ဘေဂျင်းလုပ်ငန်းစီမံချက်များနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးပန်းတိုင်အပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းစာချုပ်များကို အကောင်အထည်ဖော်လုပ်ဆောင်ရန်ကတိကဝတ်ပြုထားသည်။ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူစီမံကိန်း (၂၀၁၃-၂၀၂၂) ကိုရေးဆွဲထားသည်။ အဆိုပါမဟာဗျူဟာစီမံကိန်းတွင် အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးသည် ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့်ပါဝင်ပေသည်။ [2]

မြန်မာနိုင်ငံအစိုးရမှ စီဒေါကော်မတီသို့ ၂၀၁၆ ခုနှစ်တွင် တင်သွင်းခဲ့သည့်အစီရင်ခံစာအပေါ် စီဒေါကော်မတီမှ အကြံပြုချက်များပေးပို့ခဲ့ရာ ပြည်သူ့ရေးရာ၊ နိုင်ငံရေးနှင့် ကျွမ်းကျင်အတတ်ပညာရှင်များနေရာတွင် အမျိုးသမီးများပါဝင်မှုလွန်စွာနည်းပါးနေခြင်း နှင့် စီမံခန့်ခွဲမှုအကြီးအကဲပိုင်းတွင် အမျိုးသမီးအရေအတွက်နည်းပါးနေခြင်းကို မီးမောင်းထိုးပြထားသည်။[3] ကော်မတီအနေဖြင့် မြန်မာနိုင်ငံအစိုးရအား အမျိုးသမီးများ လွှတ်တော်၊ ဒေသဆိုင်ရာအစိုးရ၊ ဝန်ကြီးရာထူးများ၊ တရားရေး၊ စစ်တပ်၊ သံတမန်လုပ်ငန်းများနှင့် ပညာရှင်စသောနေရာကဏ္ဍများတွင် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်လာစေရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် အကြံပြုတိုက်တွန်းထားသည်။[4]

---

1 Page 3, Gender Equality Network, Gender and Politics in Myanmar, Women and Men Candidates in the 2015 Election Briefing Paper, August 2017

2 The NSPAW is made up of 12 priority areas: Livelihoods, Education and Training, Health, Violence against Women, Emergencies, Economy, Decision Making, Institutional Mechanisms for the Advancement of Women, Human Rights, Media, Environment, and Youth. The NSPAW is Myanmar's main policy document on gender issues.

3 CEDAW/C/MMR/CO/4-5, para.30

4 CEDAW/C/MMR/CO/4-5, para.31

မြန်မာနိုင်ငံအစိုးရသည် အမျိုးသမီးများဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်မှုရှိလာစေရန် အခြားသော ယန္တရားများဖြင့် လုပ်ဆောင်လျှက်ရှိရာ အမျိုးသမီးများနိုင်ငံရေးနှင့် စီးပွားရေးတွင် ပါဝင်မှုကို အကောင်အထည်ဖော်လုပ်ဆောင်နိုင် ရန် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ခွင့်ပြုချက်ဖြင့်ဖွဲ့စည်းထားသည်။ ထို့အပြင် နိုင်ငံရေး ဆွေးနွေးမှုမူဘောင်၊ လက်ရှိဖြစ်ထွန်းနေသော ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်လည်း အမျိုးသမီး ၃၀% ပါဝင်မှု မူဘောင်ကိုလက်ခံထားသည်။ အမျိုးသမီးများကွန်ရက်အဖွဲ့များ ဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးများ အဖွဲ့ကွန်ရက်၊ ကျား/မရေးရာတန်းတူညီမျှရေးကွန်ရက်၊ မေ့စွမ်းရည်၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် ငြိမ်းချမ်းရေးအတွက် ကျား/မ တန်းတူရေး မဟာမိတ်အဖွဲ့ များမှလည်း အမျိုးသမီး များ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင် ပါဝင်လာစေမှုကို သေချာစေသည့် ဥပဒေများ၊ မူဝါဒများပေါ်ထွန်းလာရေးတိုက်တွန်း လျှက်ရှိကြသည်။




*စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၅ နှင့်သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီး များညီလာခံ။*
*(ကျား၊မတန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ စွမ်းရည်မြှင့်တင်ရေး အကျိုးရလဒ်) ၂၀၁၇ ခုနှစ် နေပြည်တော်၊*

## အမျိုးသမီးများပါဝင်လာမှုကို အဟန့်အတားဖြစ်စေသည့်အရာများကို အရေးယူ လုပ်ဆောင်ရာတွင် အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ထွန်းမှုများ များစွာ ဖြစ်ပေါ်လျှက်ရှိသည်။ သို့ရာတွင် အောင်မြင်ပြီးမြောက်အောင်လုပ်ဆောင်ရန် များစွာလိုအပ်နေသေးသည်။

**၂၀၂၂**

အမျိုးသမီးများ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်များတွင် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်မှု သိသိသာသာ တိုးတက်မြင့်မားလာခြင်း

ကျား/မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများစွမ်းအားတိုးတက်မြင့်မားရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကတိကဝတ်

**၂၀၁၉**

**၂၀၁၇**

## နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။

**၂၀၁၆**

## စီဒေါကော်မတီ

စီဒေါကော်မတီသည် လူမှုရေး၊ နိုင်ငံရေးနှင့် အသက်မွေးမှုကဏ္ဍရပ်များတွင် အမျိုးသမီးများ၏ ပါဝင်မှုနည်းပါးနည်းသည်ကိုမီးမောင်းထိုးပြထားသည်။

**၂၀၁၃**

## NSPAW

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း နိုင်ငံတော်အစိုးရသည် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏အခွင့်အရေးများ ရရှိစေရန် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ (NSPAW) ကိုရေးဆွဲခဲ့သည်။

**၁၉၉၇**

## အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဖိနှိပ်မှုပပျောက်ရေးသဘောတူစာချုပ် (စီဒေါ)

မြန်မာနိုင်ငံအစိုးရသည် စီဒေါသဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားသည်။




နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်စခန်းများရှိ အမျိုးသမီးများအတွက် ပြုလုပ်သော *She Leads* အမျိုးသမီးခေါင်းဆောင်မှု သင်တန်းတွင် သင်ခန်းစာတစ်ခုဖြစ်သည့် အဖွဲ့လိုက်လုပ်ဆောင်ခြင်း ခေါင်းစဉ်တွင် (စုပေါင်းဆပ်ပြာပြုလုပ်ခြင်း) လေ့ကျင့်ခန်းကိုလက်တွေ့လုပ်ဆောင်နေခြင်း

# ၁. *She Leads* အကြောင်း

## က . *She Leads* အစီအစဉ်အကြောင်း အကျဉ်းချုပ်



*"She Leads အစီအစဉ်ဟာ အရမ်းကို အသုံးဝင်ပြီး ၊ အရေးလည်း ကြီးပါတယ်။ အမျိုးသမီးတွေဟာ သူတို့ တွေရဲ့ အိမ်တွင်းမှာ အမြဲတမ်းမနေ ဘဲ အပြင်ထွက်ပြီး လေ့လာမှုတွေ လုပ်ကြဖို့ လိုအပ်ပါတယ်။ အဲဒါမှသာ သူတို့ ရဲ့ ရပ်ရွာဒေသတွေမှာ ထိရောက်တဲ့ နည်းလမ်းတွေနဲ့ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သူတို့ အနေနဲ့ ထုတ်ဖော်ပြောကြားဖို့ လိုအပ်သလို ရပ်ရွာဒေသအတွက် ပြန်လည်လုပ်ဆောင်ပေး ဖို့လည်း လိုပါတယ်။ She Leads ဟာ အရမ်းကို ကောင်းမွန်ပါတယ်။ ကျွန်မ ငြိမ်းချမ်းရေးဖြစ်စဉ် တွေ့ ဆုံပွဲတစ်ခုကို ရောက်တဲ့ အချိန်မှာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဘယ်ကလာသလဲလို့ မေးတော့ ကျွန်မက She Leads သင်တန်းသူဟောင်း တစ်ယောက်ပါလို့ ပြန်ဖြေလိုက်တယ်။ She Leads အကြောင်းကို ဝန်ကြီးချုပ်က သိနေတယ်။"*

ရီရီစိုး၊ She Leads သင်တန်းသူ၊ ပဲခူး။

မြန်မာနိုင်ငံ၏ အမျိုးသမီးများကိုယ်စားပြုမှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အလွန်အမင်းနည်းပါးနေသည့် ကိစ္စရပ်ကို ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ ရောင်ခြည်သစ် အဖွဲ့သည် IFES အဖွဲ့၏ပံ့ပိုးမှုဖြင့် *She Leads* အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး သင်တန်းအစီစဉ်ကို မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။ *She Leads* အစီအစဉ်သည် ရပ်ရွာအဆင့်တွင် အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွန်းလာရေးအတွက် ဦးတည်ကာ သင်တန်းအစီအစဉ်များရေးဆွဲပြီး စွမ်းဆောင်ရည်မြှင့် တင်ခြင်းများပြုလုပ်ပေးနေသကဲ့သို့၊ အမျိုးသမီးများတန်းတူညီမျှမှုရှိရေးအတွက် ပြည်နယ်/ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်တွင်လည်း တိုက်တွန်းနှိုးဆော် လုပ်ဆောင်လျှက်ရှိသည်။

ရောင်ခြည်သစ်နှင့် IFES အဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် *She Leads* အစီအစဉ် ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါ *She Leads* အစီအစဉ်ကို IFES အဖွဲ့၏ ကျား/မရေး ရာ တန်းတူညီမျှမှု၊ အမျိုးသမီးခေါင်းဆောင်မှုအစီအစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံများနှင့် ရောင်ခြည်သစ်အဖွဲ့၏ အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာ မြန်မာနိုင်ငံအတွေ့အကြုံတို့ကို အခြေခံကာ အမျိုးသမီးများအတွက် လိုအပ်သည့် စွမ်းရည်များ ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ရေးဆွဲခဲ့ကြခြင်းဖြစ်သည် ။

ယခုအစီအစဉ်သည် အမျိုးသမီးများ ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် တာဝန်ယူလုပ်ဆောင်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင်ပါဝင်နိုင်ရန်အတွက် လိုအပ်သည့်စွမ်းရည်၊ အသိပညာဗဟုသုတနှင့် ယုံကြည်ချက်များရှိလာရန် လက်တွေ့ကျကျသင်ကြားပေးသည့်အပြင်၊ အားလုံးပါဝင်ဆွေးနွေးသည့်ပုံစံဖြင့် လေ့လာသင်ယူခွင့်ရရန် အခြေခံရေးဆွဲထားခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင် အမျိုးသမီးခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး အခြေခံသင်တန်း၊ အဆင့်မြင့်သင်တန်း၊ လူငယ်အမျိုးသမီးများခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းနှင့် မကြာသေးခင်ကမှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်ပြုလုပ်ကျင်းပခဲ့သည့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းမှ အမျိုးသမီးများအား ခေါင်းဆောင်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်းများစသည်ဖြင့် သင်တန်းများပြုလုပ်ခဲ့ရာ ယခုအခါတွင် သင်တန်းသူပေါင်း ၁၈၀၀ ကျော်ကို သင်တန်းပို့ချပေးခဲ့ပြီးဖြစ်သည်။ *She Leads* သင်တန်းသူများ၏ သင်တန်းအပြီးလုပ်ဆောင်ရသည့်လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတစ်ဝှမ်းမှ ပြည်သူပေါင်း ၂၀၀၀၀ ကျော်ကို အသိပညာများပြန်လည်မျှဝေပေးနိုင်ခဲ့သည်။

## She Leads သင်တန်းအစီအစဉ်တွင် သင်တန်းတက်ရောက်သူ အမျိုးသမီး အရေအတွက်

| သင်တန်းအစီအစဉ် အမျိုးအစား | ပထမ အကြိမ် ၂၀၁၅/၂၀၁၆ | ဒုတိယ အကြိမ် ၂၀၁၆/၂၀၁၇ | တတိယအကြိမ် ၂၀၁၇ /၂၀၁၈ | စုစုပေါင်း |
|---|---|---|---|---|
| ခေါင်းဆောင်မှု မိတ်ဆက် | ၈၁၃ | ၅၆၈ | ၆၂ | ၁၄၄၃ |
| ခေါင်းဆောင်မှု အဆင့်မြင့်သင်တန်း | | ၁၅၇ | ၁၃၅ | ၂၉၂ |
| လူငယ်အမျိုးသမီးခေါင်းဆောင်မှု | | | ၁၂၃ | ၁၂၃ |
| နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူစခ န်းရှိ အမျိုးသမီးခေါင်းဆောင်မှုသင်တန်း (ကနဦး အစီအစဉ်) | | | ၃၄ | ၃၄ |
| စုစုပေါင်း | ၈၁၃ | ၇၂၅ | ၃၅၄ | ၁၈၉၂ |




*She Leads သင်တန်းသူများစုပေါင်းဓာတ်ပုံ၊ ၂၀၁၆ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၊ မကွေး။*

# ၁ . *She Leads* အစီအစဉ်ဒီဇိုင်း၊ အသုံးပြုသည့်နည်းလမ်းနှင့် သင်ရိုးညွှန်းတမ်း

*"She Leads က အရမ်းကို ထိရောက်မှုရှိပါတယ်။ သင်တန်း ပံ့ပိုးကူညီသူတွေက သင်ခန်းစာတိုင်းကို ကောင်းမွန်စွာ လက်တွေ့ သင်ပြပေးပါတယ်။ သင်တန်းဟာ အရမ်းကို လက်တွေ့ကျသလို၊ ကျွန်မတို့ နေ့ စဉ်ဘဝတွေနဲ့ ဆက်စပ်နေတဲ့ ဖြစ်ရပ်တွေအပေါ် မှာလည်း အခြေခံပြီးပို့ချပေးတာဖြစ်ပါတယ်။ သင်တန်းတက်နေစဉ် ကာလတစ်လျှောက် မှာရော၊ သင်တန်းကပေးတဲ့ လေ့ကျင့်ခန်း တွေကို လုပ်ဆောင်နေစဉ်မှာရော ကျွန်မတို့ သင်ခဲ့ရတဲ့ အရာတွေကို ပြန်ပြီးတော့ လေ့ကျင့်နိုင်ခဲ့ပါတယ်။ အဲဒီလို လုပ်နိုင်ခဲ့တဲ့ အတွက်လည်း ကျွန်မ ကိုယ့်ကိုယ်ကိုယုံကြည်မှု ရှိလာခဲ့တယ်။"*

နန်းအေးညို၊ She leads သင်တန်းသူ ၊ လားရှိုး။

*She Leads* အစီအစဉ်သည် အမျိုးသမီးများ၏လိုအပ်ချက်များကိုဖေါ်ထုတ်ပြီး၊ ဒေသအနေအထားနှင့် ကိုက်ညီမှုရှိစေရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ သင်တန်းအစီအစဉ်တစ်ခုစီတိုင်းတွင် ခေါင်းဆောင်မှု ဆိုင်ရာခေါင်းစဉ်များဖြစ်သည့် အသင်းအဖွဲ့ ဖြင့်လုပ်ဆောင်ခြင်း၊ ခေါင်းဆောင်မှု၊ လူအများရှေ့တွင်စကားပြောခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းစသည့်ခေါင်းစဉ်များပါဝင်သကဲ့သို့ ပညာရပ်ဆိုင်ရာအကြောင်းအရာများဖြစ်သည့် ကျား/မရေးရာနှင့် ကျား/မတန်းတူညီမျှရေး၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ၊ လူ့အခွင့်အရေးနှင့် တိုက်တွန်းနှိုးဆော်မှုများပြုလုပ်ခြင်း စသည့်သင်ခန်းစာများပါဝင်သည်။ ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲရှိသည့် ကာလဖြစ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာခေါင်းစဉ်များဖြစ်သည့် မဲဆန္ဒရှင်စာရင်းစစ်ဆေးခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် သင်တန်းသူများ ပါဝင် လုပ်ဆောင်နိုင်ရန်အတွက် ရွေးကောက်ပွဲဖြစ်စဉ်နှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ထည့်သွင်း သင်ကြားပေးခဲ့သည်။

*"သင်တန်းက အရမ်းကို အသုံးဝင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီး ခေါင်းဆောင်မှု အရည်အသွေး တွေလို ခေါင်းစဉ်မျိုးတွေ၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု ရှိအောင် ဘယ်လို တည်ဆောက်ယူရမလဲ ဆိုတဲ့ အကြောင်းအရာတွေ ပါဝင်နေလို့ပါပဲ။ အဲဒါတွေက ကျွန်မအတွက် တစ်ကယ့်ကိုပဲ အကူအညီဖြစ်စေပါတယ်။ ရွေးကောက်ပွဲ တွေနဲ့ ပတ်သက်လို့လဲ အများကြီး လေ့လာနိုင်ခဲ့ပါတယ်။ ရလဒ်တစ်ခုအနေနဲ့ ပြောပါ ဆိုရင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ကျွန်မ တက်တက်ကြွကြွနဲ့ ပါဝင်နိုင်ခဲ့တာဖြစ်တယ်။*

အေးအေးသင်း၊ She leads သင်တန်းသူ ၊နေပြည်တော်။



သင်တန်းသူများက မဲဆန္ဒရှင် စာရင်းအားမည်ကဲ့သို့ပြင်ဆင် ဖြည့်စွက်ရမည်ကို လေ့လာ နေစဉ်။

အဆင့်မြင့်သင်တန်းမှအပ သင်တန်းတိုင်းတွင် မော်ဂျူးလ်နှစ်ခု သို့မဟုတ် သုံးခု ပါဝင်သည်။ ထို့အပြင် သင်တန်းသူများရင်းတို့ သင်တန်းတွင်လေ့လာသင်ကြားခဲ့ရသည်များကို ပြန်လည်အသုံးချနိုင်ရန်အတွက် မော်ဂျူးလ်တစ်ခုပြီးတိုင်းတွင် သင်တန်းပြီးလုပ်ဆောင်ချက်ကိုထည့်သွင်းပေးထားသည်။

ယခုသင်တန်းအစီအစဉ်သည် သင်တန်းသူတိုင်း ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရန်စီစဉ်ရေးဆွဲထားခြင်း ဖြစ်သည်။ သင်ခန်းစာတစ်ခုစီအတွက် သင်ခန်းစာအစီအစဉ်၊ ပါဝါပွိုင့်နှင့် သင်တန်းမှတ်စုများကို ကြိုတင် ပြင်ဆင်ထားသည်။ သင်ခန်းစာတိုင်းတွင် သင်တန်းသူများမှ အကြောင်းအရာများနှင့်ပတ်သက် ၍ ဆွေးနွေးနိုင်သကဲ့သို့ အဖွဲ့ဖြင့်လုပ်ဆောင်ခြင်း၊ နှစ်ဦးတစ်တွဲလုပ်ဆောင်ခြင်း၊ တစ်ဦးချင်းလုပ်ဆောင်ခြင်းစသည်ဖြင့် မတူညီသည့်နည်းလမ်းများဖြင့် ပါဝင်လုပ်ဆောင်ကြသည်



*" She Leads သင်တန်းမှာပါဝင်တဲ့ အကြောင်းအရာတွေဟာ တမူထူးခြားနေပါတယ်။ နားလည်ရလွယ်ကူတယ်။ စပြီးလေ့လာသူတွေအတွက် ကောင်းမွန်တဲ့ သင်တန်းတစ်ခုပါ။ သင်ကြားပေးတဲ့ ခေါင်းစဉ်တွေအားလုံးဟာ အရမ်းကို အသုံးဝင်ပါတယ်။ ကျွန်မ အရင်က တစ်ခါမှ မကြားဖူးခဲ့တဲ့ ဒီမိုကရေစီဖြစ်စဉ်နဲ့ အစိုးရစနစ်တွေကို လေ့လာခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ကျမ ပထမဆုံး မဲပေးမှာဖြစ်ပြီး အခုတော့ ကျွန်မ ဘာအတွက် မဲပေးရမယ်ဆိုတာကို နားလည်ခဲ့ပါပြီ။"*

နွယ်နီဇင်ဝင်း၊ *She Leads* သင်တန်းသူ၊ ပဲခူး။

လူငယ်အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်းနှင့် အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ရောင်ခြည်သစ်အဖွဲ့မှ သင်တန်းဆရာ/မများမှ သင်ကြားပေးကြသည်။ အဆင့်မြင့်သင်တန်းအစီအစဉ်တွင် သင်ခန်းစာအချို့ကို သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်သူများဖြစ်ကြသော ဒေါက်တာညိုညိုသင်း (ယခင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်) နှင့် ကျား/မရေး ရာ ကျွမ်းကျင်သူဒေါ်ခင်ခင်မြတို့ကို ဖိတ်ကြားကာ သင်ကြားပေးခဲ့သည်။နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းမှ အမျိုးသမီးများအတွက် ခေါင်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်းကို ရောင်ခြည်သစ် သင်တန်းဆရာ/ဆရာမများနှင့် အတူ *She Leads* သင်တန်းသူများမှ သင်ကြားပေးခဲ့ကြသည်။



ရွှေကောက်ခံကိုယ်စားလှယ်များ၏အခန်းကဏ္ဍအားလေ့လာနေစဉ်။



လူငယ်အမျိုးသမီး ခေါင်းဆောင်မှုသင်တန်းတွင် အဖွဲ့လိုက်လေ့ကျင့်ခန်းလုပ်ဆောင်နေစဉ်။

# ၈ . သင်တန်းအပြီးလုပ်ဆောင်ချက်



*"She Leads ကပေးတဲ့ လက်တွေ့ လေ့ကျင့်ခန်းတွေဟာ အမျိုးသမီးတွေအတွက် အရမ်းကို အသုံးဝင်ပါတယ်။ ကျွန်မ She Leads ကို ချစ်ပါတယ်။ ဒီအစီအစဉ်အတွက်ဆိုရင် ကျွန်မ ဘာမဆို ကူညီနိုင်ပါတယ်။"*

ရီရီသိန်း၊ *She Leads* သင်တန်းသူ၊ တောင်ကြီး။

She Leads သင်တန်းအစီအစဉ်မှ သင်တန်းသူများ ဆောင်ရွက်ရသော သင်တန်းအပြီး လုပ်ဆောင်ချက်များသည် သင်တန်းသူများ၏ မိမိကိုယ်မိမိ ယုံကြည်ချက် ပိုမိုရှိလာစေရန် တွန်းအားပေးသည့် အဓိကကျသောအရာတစ်ခုဖြစ်သည်။ ထိုသို့ လုပ်ဆောင်စေခြင်းသည် သင်တန်းသူများအနေဖြင့် ၎င်းတို့သင်ကြားခဲ့ရသည့်အရာများကို လက်တွေ့အသုံးချခွင့်ရရှိသကဲ့သို့၊ ၎င်းတို့၏ ရပ်ရွာနှင့် အခြားသော She Leads သင်တန်းသူများနှင့် လည်းချိတ်ဆက်လုပ်ဆောင်နိုင်ရန် ကူညီပေးသည်။

၂၀၁၅ ခုနှစ်ကတည်းက သင်တန်းသူများမှ ရပ်ရွာပြည်သူများကို စည်းရုံးဆော်သြခြင်းများ၊ အသိပညာများပြန်လည်မျှဝေခြင်းများ စသည်တို့ကို အဓိကဦးတည်ကာ ၎င်းတို့၏ သင်တန်းအပြီးလုပ်ဆောင်ချက်များအဖြစ်လုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ကာလတွင် ရွေးကောက်ပွဲနှင့် ဆိုင်သည့် မဲဆန္ဒရှင်အသိပညာပေးခြင်း ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၏အခန်းကဏ္ဍ၊ ကျား/မရေးရာတန်းတူညီမျှရေးနှင့် အမျိုးသမီးခေါင်းဆောင်များ ပိုမိုများပြားလာရန် လိုအပ်ပုံနှင့် တွဲလက်ညီညီကမ်ပိန်းတို့ကို သင်တန်းအပြီး လုပ်ဆောင်ချက်အဖြစ် လုပ်ဆောင်ခဲ့ကြသည်။ သင်တန်းအပြီးလုပ်ဆောင်ချက် ၇၅၀၀ ကျော် ကို မြန်မာနိုင်ငံအဝှမ်းရှိ ပြည်နယ်နှင့် တိုင်းများတွင် လုပ်ဆောင်ခဲ့ကြပြီး အဆိုပါလုပ်ဆောင်ချက်မှတစ်ဆင့် ပြည်သူ ၂၀၀၀၀၀ ကျော် ကို အသိပညာပြန်လည်မျှဝေပေးနိုင်ခဲ့ကြသည်။




*နီနီအောင်၊ She Leads သင်တန်းသူ၊ အတွင်းရေးမှူး၊ မြန်မာအော်တစ်ဇင်အသင်း(ရန်ကုန်)*

*" ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မတိုင်ခင်မှာ ကျွန်မတို့ သင်တန်းအပြီး လုပ်ဆောင်ချက်အတွက် ရွေးကောက်ပွဲမှာ မဲပေးရခြင်းရဲ့ အရေးကြီးပုံကို မိဘတွေကို ရှင်းပြခဲ့ကြတယ်။ သူတို့အတော်များများဟာ မဲပေးဖို့ ကို တွန့် ဆုတ်နေကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ က မဲပေးဖို့ အရေးကြီးတယ်ဆိုတဲ့ အကြောင်း ၊ ပြီးတော့ ဒီလိုမဲပေးခြင်းကြောင့် သူတို့ ကလေးတွေရဲ့ အနာဂတ်အတွက် သူတို့ ကိုယ်တိုင် ပါဝင်နိုင်တယ်ဆိုတာကိုလည်း ရှင်းပြနိုင်ခဲ့ပါတယ်။"*

နီနီအောင်၊ *She Leads* သင်တန်းသူ ၊ ရန်ကုန် ။

*"ကျွန်မ ကျေးရွာ ၆ ရွာခန့် ကို သွားပြီးတော့ တွဲလက်ညီညီ ကမ်ပိန်းကို လုပ်ဆောင်ခဲ့ပြီး ကမ်ပိန်း ဓာတ်ပုံ ၁၀၀ လောက်ကို ရိုက်ကူးခဲ့ပါတယ်။ ဒီလုပ်ရှားမှုကို ကျွန်မအရမ်းကြိုက်ပါတယ်။ သင်တန်း ရော၊ သင်တန်းကပေးတဲ့ လက်တွေ့ လေ့ကျင့်ခန်းတွေရောကြောင့် လူတွေရှေ့ မှာ ကျွန်မစကား ပြောနိုင်ခဲ့ပါတယ်။ အရင်တုန်းကဆိုရင် ကျွန်မက အရမ်းကြောက်တတ်ပြီး၊ အယောင်ယောင် အမှားမှားလဲ ဖြစ်တတ်ပါတယ်။"*

တင့်တင့်ဆွေ၊ *She Leads* သင်တန်းသူ၊ မုံရွာ



မြန်မာနိုင်ငံတစ်ဝှမ်းရှိ She Leads သင်တန်းသူများက သင်တန်းပြီးလုပ်ဆောင်မှုများဖြစ်သည့် ကနဦးမဲဆန္ဒရှင်စာရင်း ပြသစဉ် မဲဆန္ဒရှင်များ မိမိတို့၏အမည်များအား စစ်ဆေးရန်တိုက်တွန်းနှိုးဆော်ခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်းများလုပ်ဆောင်ခြင်း၊ ကျား၊မတန်းတူညီမျှရေးဆိုင်ရာ ကိစ္စရပ်များအား သရုပ်ပြသခြင်း နှင့်မြန်မာနိုင်ငံတွင်အမျိုးသမီးခေါင်းဆောင်များပါဝင်မှု သတင်းအချက်များကို ဝေမျှခြင်း။

# ဃ. အားလုံးပါဝင်ရေး



*"ကျွန်မ အရမ်းစိတ်လှုပ်ရှားတယ်။ ကျွန်မအရင်တုန်းက မူဆလင်အသိုင်းအဝိုင်းတွေဘဲ ပြုလုပ်တဲ့ အခမ်းအနားမျိုးကိုသာတက်ရောက်ဖူးတယ်။ ဒီအခမ်းအနားကတော့ ကျွန်မတို့ရဲ့ အဖွဲ့အစည်းအကြောင်းနဲ့ အဖွဲ့ရဲ့လုပ်ဆောင်ချက်အကြောင်းတွေကို အချင်းချင်း ဖလှယ်ခွင့်ရတဲ့အပြင် အသိပညာဗဟုသုတလည်းပိုမိုရရှိပါတယ်။"*

တင်မိုးခိုင် ၊ *She Leads* သင်တန်းသူ ၊ တောင်ကြီး။

*She Leads* သင်တန်းတွင် မသန်စွမ်းအမျိုးသမီးများ၊ မတူညီသည့် ဘာသာကိုးကွယ်သည့်သူများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံအတူတကွတက်ရောက်ကြခြင်းသည်၎င်းအစီအစဉ်တွင်အားလုံးပါဝင်နိုင်ရေးအတွက် စီစဉ်ထားပေးသည့် အဓိကကျသောအရာတစ်ခုဖြစ်သည်။ ယခုကဲ့သို့ စီစဉ်ပေးထားမှုသည် သင်တန်းသူများအကြား မတူညီသည့် ယဉ်ကျေးမှု၊ ဓလေ့များကို နားလည်မှုမြင့်မားလာစေရန်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ကြရန်အတွက် ဖြစ်သည်။ အစီအစဉ်အစပိုင်းတွင် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) မှ တာဝန်ရှိသူကိုဖိတ်ကြားပြီး သင်တန်းပေးရာတွင် အားလုံးပါဝင်နိုင်ရန်အတွက် အသုံးပြုရမည့် နည်းလမ်းများကို ရောင်ခြည်သစ်အဖွဲ့၏ သင်တန်းဆရာ၊ ဆရာမ များသိရှိစေရန်သင်တန်းပြုလုပ်ပေးခဲ့သည်။ ထို့အပြင် *She Leads* သင်တန်းကို မသန်စွမ်းအမျိုးသမီးများတက်ရောက်နိုင်ရန်အတွက်လည်း မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။



*She Leads* သင်တန်းသူများက တွဲလက်ညီညီ သင်တန်းပြီးလုပ်ဆောင်မှုအား ရန်ကုန်မြို့၊ ရွှေပြည်သာမြို့တွင် လုပ်ဆောင်နေစဉ်။

**မေမျိုးသက်သည်** လားရှိုးမှဖြစ်ပြီး ရဲဌာနတွင် ၁၄ နှစ်တာ လုပ်ငန်း တာဝန် ထမ်းဆောင်ခဲ့သည်။ သူမသည် ၂၀၁၅ ခုနှစ်တွင် နေထိုင်မကောင်းဖြစ်ရာမှ အမြင်အာရုံ ဆုံးရှုံးခဲ့ရသည်။ *She Leads* သင်တန်းတက်ရောက်ပြီးနောက် သူမသည် လူထုစည်းရုံးရေးမှူးအဖြစ် ရှမ်းပြည်(မြောက်)ပိုင်းရှိ ရွှေပုလဲဖေါင်ဒေးရှင်းတွင် လုပ်ကိုင်နေပြီး မြန်မာနိုင်ငံ မသန်စွမ်းအသင်းချုပ်တွင် ရှမ်းပြည် မြောက်ပိုင်း မသန်စွမ်းဥက္ကဌအဖြစ် ဝင်ရောက်အရွေးခံမည်ဖြစ်သည်။




*"အကယ်၍ အမျိုးသမီးများသာ ခေါင်းဆောင်မှုနေရာမှာ ပိုရှိခဲ့မယ်ဆိုရင် အခြားသော အမျိုးသမီးတွေလည်း သူတို့ကိုကြည့်ပြီး အမျိုးသမီးတွေအနေနဲ့ ခေါင်းဆောင် ဖြစ်နိုင်တယ်ဆိုတာကို သဘောပေါက်လာမှာပါ။ ဥပမာအနေနဲ့ ကျွန်မ She Leads သင်တန်းရဲ့ သင်တန်းအပြီး လုပ်ဆောင်ချက်ကို လုပ်တဲ့အခါမှာ အခြားအမျိုးသမီးတွေက ကျွန်မကို စံပြတစ်ဦး အဖြစ်မြင်ခဲ့ကြတယ်။ သူတို့တွေက မသန်စွမ်းတဲ့ အမျိုးသမီးတောင်လုပ်နိုင်ရင် ငါတို့တွေလည်း လုပ်နိုင်တယ်လို့ တွေးလာကြတယ်။ She Leads က ကျွန်မ ရဲ့ အတွေးအခေါ်တွေ၊ အမြင်တွေ ကိုပြောင်းလဲပေးခဲ့တယ်။ She Leads သင်တန်းတက်ရောက်ပြီးနောက် ကျွန်မကို မြန်မာနိုင်ငံ မသန်စွမ်းအသင်းချုပ်တွင် ရှမ်းပြည်မြောက်ပိုင်း မသန်စွမ်းဥက္ကဌအဖြစ် ဝင်ရောက်အရွေးခံရန် တိုက်တွန်းခဲ့ကြပါတယ်။ သင်တန်းမတက်ခင် အချိန်တုန်းကဆိုရင် ကျွန်မ ဒီလိုမျိုး တာဝန်ကိုယူပြီး လုပ်ဆောင်ဖို့ ဘယ်လိုမှ ယုံကြည်ချက်မရှိခဲ့ဘူး။ အခုတော့ ကျွန်မရဲ့ ကိုယ်ပိုင်ဆောင်ပုဒ်လေးရှိလာပြီ။ ဒါကတော့ အသက်ရှင်နေသမျှ "ငါလုပ်နိုင်တယ်၊ ငါလုပ်မယ်" ။*

လားရှိုးမှသင်တန်းသူ မေမျိုးသက် (အလယ်) နှင့် လားရှိုးမှ *She Leads* သင်တန်းသူ သူငယ်ချင် းများ အင်ခွမ်ကိုင်ထန် (ဘယ်) နှင့် နန်းအေးညို (ညာ)

မေမျိုးသက် ၊ *She Leads* သင်တန်းသူ၊ လားရှိုး

**နွယ်နီဝင်းနိုင်**သည် အသက် ၁၉ နှစ်ရှိပြီး ပဲခူးတက္ကသိုလ်တွင် ပညာသင်ကြား နေသည့် ကျောင်းသူတစ်ဦးဖြစ်သည်။ သင်တန်းကိုတက်ရောက်ခဲ့ပြီးနောက် တက္ကသိုလ်တွင် ခေါင်းဆောင်မှုနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင် ရန်ဆုံးဖြတ်ခဲ့သည်။ သူမသည် ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ကမ်ပိန်းလုပ်ဆောင်ခဲ့ရာ အောင်မြင်ပြီး၊ ကျောင်းသူ/သား ၂၀,၀၀၀ ရှိသည့် ကျောင်းသားသမဂ္ဂတွင် ဒုဥက္ကဌအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ကျောင်းသားသမဂ္ဂသည် ကျောင်းသူ/သားများ၏အကြောင်းအရာ၊ လိုအပ်ချက်များကို တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ မှသိရှိလုပ်ဆောင်ပေးရန် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် အဖွဲ့ ဖြစ်သည်။




*"အနာဂတ်မှာ ကျွန်မလည်း နိုင်ငံရေးခေါင်းဆောင်တစ်ယောက် ဖြစ်ချင်ပါတယ်။ နောင် ၁၀ နှစ်လောက် ဆိုရင်တော့ ကိုယ်စားလှယ်လောင်းအနေနဲ့ ဝင်ပြိုင်မှာပါ။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံမှာ လွှတ်တော်ကိုယ်စားလှယ် အမျိုးသားဦးရေက အမျိုးသမီးဦးရေထက် များနေလို့ ပါဘဲ။ ကျွန်မ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့မယ်ဆိုရင် အမျိုးသမီးတွေရဲ့ အသံတွေ၊ လိုအပ်ချက်တွေကို နားထောင်ပြီး သူ့တို့တွေအတွက် ရပ်တည် လုပ်ဆောင်ပေးသွားမှာပါ။ ဒါ့အပြင် လွှတ်တော်မှာ မူဆလင် အမျိုးသမီး လွှတ် တော်ကိုယ်စားလှယ် အရမ်းနည်းနေ ပါတယ်။ တကယ်လို့ကျွန်မသာ ကိုယ်စား လှယ်ဖြစ်လာခဲ့မယ်ဆိုရင် ဘယ်ဘာသာ ကိုးကွယ်ကိုးကွယ် အားလုံးဟာတန်းတူဘဲ ဆိုတဲ့သတင်းစကားကို ပိုမိုပြန့်ပွား အောင် လုပ်ဆောင်မှာဖြစ်တဲ့ အပြင် အမုန်းစကားတွေကိုလည်း ရပ်တန့်သွား အောင် လုပ်ဆောင်ပေးနိုင်မှာဖြစ်တယ်။"*

နွယ်နီဂင်းနိုင်၊ *She Leads* သင်တန်းသူ၊ ပဲခူး။

# င. သင်တန်းသူများကွန်ရက်ချိတ်ဆက်လုပ်ဆောင်ခြင်း



*"ဒီသင်တန်းက နောက်ခံသမိုင်းကြောင်း၊ ကိုးကွယ်ရာ ဘာသာမတူကြတဲ့ အမျိုးသမီး တွေကို အတူတကွ ဆုံတွေ့စေတယ်။ အခြေအနေတွေ တိုးတက်လာစေဖို့ ဆိုရင် ကျမတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သလို၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပြီး အတူတကွ လက်တွဲလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။"*

အင်ခွမ်ကိုင်ထန်၊ *She Leads* သင်တန်းသူ ၊ လားရှိုး။

*She Leads* သင်တန်းသူများကွန်ယက်ဖြစ်ပေါ်လာခြင်း၊ အခွန့်ရှည်ခြင်းတို့သည် ယခုအစီအစဉ်၏ အခရာကျသည့် အရာတစ်ခုဖြစ်သည်။ ရောင်ခြည်သစ်အဖွဲ့အနေဖြင့် *She Leads* သင်တန်းသူများ အချင်းချင်းချိတ်ဆက်လုပ်ဆောင်ကြရန်နှင့် အခြားသောအရပ်ဘက်အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ချိတ်ဆက်လုပ်ဆောင်ကြရန် တိုက်တွန်းလုပ်ဆောင်ပေးသည်။ ထို့အပြင် သင်တန်းသူများအချင်းချင်းပူးပေါင်းကာ တွဲလက်ညီညီကမ်ပိန်း လုပ်ဆောင်စေခြင်း၊ အဆင့်မြင့်သင်တန်းပြီးသူများအား အသေးစားငွေကြေးပံ့ပိုးသည့် အစီအစဉ်အား လျှောက်ထားစေပြီး ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ၎င်းတို့ရပ်ရွာတွင်လုပ်ငန်းများ လုပ်ဆောင်စေခြင်းဖြင့်လည်း ချိတ်ဆက်လုပ်ဆောင်ကြနိုင်ရန် ပံ့ပိုးပေးလျှက်ရှိသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အသေးစားငွေကြေးပံ့ပိုးမှု အစီအစဉ်မှ သင်တန်းသူများ၏ လုပ်ငန်း ၁၂ - ခု အတွက် ငွေကြေးပံ့ပိုးပေးခြင်း များပြုလုပ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူစခန်းများမှ အမျိုးသမီးများကို သင်တန်းပို့ချနိုင်ရန် *She Leads* သင်တန်းသူ ၄ ဦးကို ဆရာဖြစ်သင်တန်းပေးခဲ့သည်။ ထိုကဲ့သို့ သင်တန်းသူများအား စွမ်းရည်မြှင့်တင်သည့် ပမာဏခြေလှမ်းများသည် She Leads ရေရှည်တည်တံ့စေရန်အတွက် အရေးကြီးသည့် ပံ့ပိုးပေးမှုဖြစ်သည်။




*သင်တန်းသူများက She Leads သင်တန်းသူများ၏ ဆက်သွယ်ရမည့်လိပ်စာ စာအုပ်များအားကြည့်ရှုနေစဉ်။*




*YCT စီမံကိန်းမန်နေဂျာ Bawk Ra (အလယ်) နှင့် She Leads သင်တန်းသူ သင်တန်းပံ့ပိုးသူ နှစ်ဦးတို့က IDP စခန်းများတွင် နေထိုင်သည့် အမျိုးသမီးများအား သင်တန်းပို့ချနေစဉ်*

ရောင်ခြည်သစ်အဖွဲ့အနေဖြင့် အစီအစဉ်တစ်လျှောက်လုံးတွင် နိုင်ငံတော် နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် ရပ်ရွာအဆင့်တို့တွင် အခမ်းအနားများစွာ ကျင်းပခဲ့သည်။ ၎င်းတို့မှာ မတ်လ ၈ ရက်နေ့တွင် ကျရောက်သော အပြည်ပြည် ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျရောက်သော အမျိုးသမီးများအား အကြမ်းဖက်မှု အားလုံးပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု၊ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကျရောက်သော လူ့အခွင့်အရေးနေ့ကဲ့သို့သော အခမ်းအနားများ ဖြစ်ကြသည်။ ထို့အပြင် *She Leads* talks အစီအစဉ်များကို နိုင်ငံအဝှမ်းပြုလုပ်ပြီး အမျိုးသမီးခေါင်းဆောင်မှုနှင့် ပတ်သက်သော အကြောင်းအရာများနှင့် အခြားလူအများစိတ်ဝင်စားသော အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ကြရန် စီစဉ်ဆောင်ရွက်ပေးသည်။




*ဦးနေဝင်းနိုင်၊ The Fifth Pillar မှဒါရိုက်တာက She Leads စကားဝိုင်းတွင် ပြောကြားနေစဉ်*

ထို့အပြင် ရောင်ခြည်သစ်အဖွဲ့အနေဖြင့် သင်တန်းသူများ ရပ်ရွာကိစ္စများကို အတူတကွလုပ်ဆောင်နိုင်ကြရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။ အချို့သော သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်အဖွဲ့အစည်း တည်ထောင်လုပ်ဆောင်ခြင်းများ (သင်တန်းသူများ၏ တိုးတက်မှုဖြစ်ရပ်မှန် စာမျက်နှာ ၆၃ တွင် တွေ့ မြင်နိုင် သည်) ရှိလာကြသည်။ အတွေ့အကြုံများစွာရှိသော သင်တန်းသူများမှ အတွေ့အကြုံ နနယ်သေးသည့် သင်တန်းသူအသစ်များ နှင့် ၎င်းတို့၏ ရပ်ရွာမှ အမျိုးသမီးများကို လမ်းညွှန်ပြသခြင်းမျိုးလည်း လုပ်ဆောင်နေကြသည်။



သင်တန်းသူများအနေဖြင့် ဗိုက်ဘာ၊ ရောင်ခြည်သစ်နှင့် *She Leads* ဖေ့စ်ဘုတ် စာမျက်နှာများမှတစ်ဆင့် အချင်းချင်း ဆက်သွယ် ချိတ်ဆက်ခြင်း၊ အမျိုးသမီးခေါင်းဆောင်မှုနှင့်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးခြင်းများပြုလုပ်ကြသည်။

*She Leads သင်တန်းသူ၊ ရှိုစီ၊ ပဲခူးသည် လူငယ်အမျိုးသမီးသင်တန်းမှ နွယ်နီဝင်းနိုင်အား လမ်းညွှန်ပြသပေးသူတစ်ဦးလည်းဖြစ်သည်။*

# စ. အဓိကပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း



*"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ She Leads အစီအစဉ်ကို ဗဟိုအဆင့်ကစလို့ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ ခရိုင်၊ မြို့နယ် အဆင့်တွေအထိ ထောက်ပံ့အားပေး ခဲ့ပါတယ်။ အဆင့်တိုင်းမှာရှိတဲ့ ကော်မရှင် အဖွဲ့ ခွဲတွေအားလုံးကလည်း ရောင်ခြည်သစ် အဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်ကြဖို့ ကျွန်တော်တို့ သေသေချာချာမှာကြား ထားပြီး ဖြစ်တယ် ကျွန်တော်တို့ အနေနဲ့ကလည်း တတ်နိုင်သမျှ ကူညီထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။"*

ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်။

*She Leads* အစီအစဉ်ကို သီးသန့် အကောင်အထည်ဖော်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ရပ်ရွာအဆင့်တို့တွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ချိတ်ဆက်မှုများ အားကောင်းစွာ လုပ်ဆောင်နေသည်။ ထိုသို့ချိတ်ဆက်ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အမျိုးသမီးဖွံ့ဖြိုးရေးဌာန-လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အမျိုးသမီးပါဝင်မှု နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသကဲ့သို့ မိတ်ဖက်အရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် ကျား/မရေးရာတန်းတူညီမျှရေးကွန်ယက်၊ မေ့စွမ်းရည်၊ အမျိုးသမီးများ အဖွဲ့ကွန်ရက်(မြန်မာ)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) တို့နှင့်လည်း ချိတ်ဆက်လုပ်ဆောင် လျှက်ရှိသည်။ ထို့အပြင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ဆူဇန်နာလှလှစိုး ၊ ရပ်ရွာခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင် တို့ထံမှလည်း ထိရောက်သော ပံ့ပိုးမှုများရရှိခဲ့သည်။




*ခင်လှ၊ ရောင်ခြည်သစ်အဖွဲ့ ဒါရိုက်တာ က UEC မှတာဝန်ရှိသူများအား ကျား၊မတန်းတူညီမျှရေးဆိုင်ရာ သင်တန်းအားပို့ချနေစဉ်။*



"ဒေါ်ဆူဖန်နာလှလှစိုး ကကျွန်မတို့ကိုပြောခဲ့တယ် ကျွန်မတို့တွေအား လုံးလျှောက်လှမ်းရတဲ့ ခရီးလမ်းတစ်လျှောက်မှာ ပေါ်ပေါက်လာတဲ့ မည် သည့်အခွင့်အရေးများကိုမဆိုလက်မလွှတ်စေဘဲ အမိအရဖမ်းဆုတ်ရမှာ ဖြစ်တယ်။ အဲ့ဒီလိုကျွန်မတို့ဖမ်းဆုတ်လိုက်တဲ့အခွင့်အရေးများကို လက်တွေ့အသုံးချပြီးမှတစ်ဆင့် သင်ခန်းစာများရယူရမှာဖြစ်တယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးခေါင်းဆောင်တွေက အမျိုးသား တွေထက် ပိုပြီးကြိုး စားဖို့လိုအပ်ပါတယ်။"

မြင့်မြတ်မွန်၊ *She Leads* သင်တန်းသူ၊ မြိတ်မြို့။


အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ဆူဖန်နာလှလှစိုး ကလူငယ်အမျိုးသမီးများခေါင်းဆောင်မှုသင်တန်း၊ ဘားအံတွင်ခွန်အားပေးစကားပြောကြား နေစဉ်



"အမျိုးသားတွေရော၊ အမျိုးသမီးတွေပါ ပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် ရွာက ပိုပြီး မြန်မြန်တိုးတက်လာမှာပါ။ အမျိုးသမီးတွေနဲ့ အမျိုးသား တွေကြား မှာ ခွဲခြားဆက်ဆံမှု မရှိသင့်ပါဘူး။ ခွဲခြားဆက်ဆံမှုကို ဒီမိုကရေစီဖြစ်စဉ် ကနေတစ်ဆင့် တိုက်ဖျက်နိုင် ပါတယ်။ အနာဂတ်မှာ ဆိုရင် ဒီရွာက အမျိုးသမီးတွေ အနေနဲ့လည်း She Leads က သင်တန်းသူဟောင်းများ ဒီနေ့ လုပ်ဆောင် သွားကြသလိုပဲ လုပ်ဆောင်လာနိုင်ကြ လိမ့်မယ်လို့ မျှော်လင့်ပါတယ်။"

ကျေးရွာခေါင်းဆောင်၊ ကျောက်ချောကြီး။

ကျေးရွာခေါင်းဆောင်က သတင်းအချက်အလက်များ အား မျှဝေနေစဉ် ကန့်ပိန်းပါအကြောင်းအရာများအား ဖတ်ရှုနေစဉ်



"She Leads မှာ ပထမဆုံး ကျွန်မပါဝင် လုပ်ဆောင်ခဲ့တုန်းက သတိထားမိတာတစ်ခုက သင်တန်းတက်ရောက်သူတွေဟာ အရမ်းကို ငြိမ်နေကြပြီး၊ ရှက်လည်းရှက်နေကြတယ်။ ဒါပေမယ့် သူတို့ကို နိုင်ငံ တစ်ဂှမ်းမှာ တွေ့မိတဲ့အခါကျတော့ သူတို့ ဘယ်လောက်တောင် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ တိုးလာတယ်၊ ဘယ်လောက်တောင် အရည်အသွေးတွေ မြင့်မားလာကြ တယ်ဆိုတာကို တွေ့ ခဲ့ရတယ်။ သူတို့ တွေဟာ ထုတ်ဖော်ပြော ဆိုလာကြသလို၊ သူတို့ ကိုယ်သူတို့ ယုံကြည်မှု အပြည့်နဲ့ လုပ်ကိုင် နေကြတာပါ။ ဒါဟာ She Leads လုပ်နေတဲ့ အလုပ်ပဲ ဖြစ်တယ်လို့ ပြောရမှာပါ။"

မေစံပယ်ဖြူ၊ ဒါရိုက်တာ၊ ကျား၊မ ရေးရာတန်းတူညီမျှမှုကွန်ရက်

မေစံပယ်ဖြူ၊ အမျိုးသမီးများ၏ အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူ



*Angelina Jolie ကShe Leads သင်တန်းသူများနှင့် ရောင်ခြည်သစ် ဂန်ထမ်းများအား YMCA၊ ရန်ကုန်တွင် ၂၀၁၅ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင်တွေ့ဆုံနေစဉ်။*



၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များအသိပညာပေးခြင်းအား ရန်ကုန်မြို့ တွင်လုပ်ဆောင်နေစဉ်။

# ၄. *She Leads* နှင့်ရွေးကောက်ပွဲများ



*"မသန်စွမ်းသူတွေနဲ့ သူတို့ ရဲ့ မိသားစုဝင်တွေအတွက် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းတွေကို ကျွန်မ လုပ်ဆောင်ခဲ့ပါတယ်။ မသန်စွမ်းသူတွေအနေနဲ့ သူတို့ မှာ မဲပေးခွင့်ရှိတယ်၊ မဲပေးရမယ့် တာဝန်ရှိတယ်ဆိုတာကို သိရှိလာဖို့ အရမ်းပဲ အရေးကြီးပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ အခုပြောခဲ့တဲ့ ကိစ္စကိုပဲ ကျွန်မ လုပ်ခဲ့တာပါ။ ကျွန်မ အခုဆိုရင် ဒေသဆိုင်ရာ အာဏာပိုင်တွေနဲ့ ဆက်သွယ်လုပ်ဆောင်နေပြီး၊ အသိပညာပေးပွဲတွေ၊ အများပြည်သူရှေ့မှာ စကားပြောတာတွေကို လုပ်ဆောင်နေပါတယ်"*

ခင်စန်းဝေ၊ ဥက္ကံမြို့နယ်၊ ပဲခူး။

*She Leads* အအစီအစဉ်၏ ပထမဦးဆုံးသောသင်တန်းကို ၂၀၁၅ခုနှစ် သမိုင်းတွင်သည့် အထွေအထွေ ရွေးကောက်ပွဲတွင် သင်တန်းသူများ ပါဝင်ခွင့်ရစေရန်အတွက် အစီအစဉ်ဒီဇိုင်းရေးဆွဲခဲ့သည်။ သင်ခန်းစာတွင် ရွေးကောက်ပွဲနှင့်ဆိုင်သည့် အခန်းကဏ္ဍများဖြစ်သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ မဲဆန္ဒရှင် ပညာပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းများနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍစသည့်သင်ခန်းစာများကိုထည့်သွင်းရေးဆွဲခဲ့သည်။ သင်တန်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ခွဲများနှင့်ပါ ချိတ်ဆက်လုပ်ဆောင်ခဲ့သည်။ သက်ဆိုင်ရာ ကော်မရှင်အရာရှိများကို အထူးဧည့်သည်အဖြစ်ဖိတ်ကြားကာ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းပြစေခဲ့သည်။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် သင်တန်းသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ရှိသူများအကြား ဆက်သွယ်ချိတ်ဆက်မှုများ တည်ဆောက်ပေးနိုင်ခဲ့သည်။




*"လာမယ့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကျွန်တော်တို့အားလုံး မှာ တာဝန်ရှိပါတယ်။ ဒါဟာ တစ်ယောက်တည်း လုပ်ရမယ့်ကိစ္စမဟုတ်ပါဘူး။ ကျွန်တော်တို့ သင်တန်းသူတွေရဲ့ အကူအညီတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်ပါတယ်။ ရပ်ရွာဒေသက မဲဆန္ဒရှင်တွေကို လှုံ့ဆော်အားပေးဖို့ အတွက် သင်တန်းသူတွေရဲ့ အခန်းကဏ္ဍက အလွန်ပဲအရေးကြီးပါတယ်။ ဘာလို့လဲ ဆိုတော့ သူတို့ က သင်တန်းသူတွေပြောရင် နားထောင်ကြလို့ ပါပဲ။"*

ဦးဟိဏ်းလင်းထက်၊ ရွေးကောက်ပွဲအရာရှိ၊မွန်ပြည်နယ်။

*ဦးဟိဏ်းလင်းထက် မှ သင်တန်းသူများအား ရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး တိုက်တွန်းအားပေးစကားပြောကြားစဉ်*

သင်တန်းမော်ဂျူးလ်တစ်ခုပြီးသည့်အချိန်တွင် သင်တန်းသူများကို ရွေးကောက်ပွဲနှင့်ဆိုင်သည့် လုပ်ငန်းများအား သင်တန်းအပြီး လုပ်ဆောင်ချက်အဖြစ် လုပ်ဆောင်စေခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် မော်ဂျူးလ် ၁ -အပြီး တွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ၊ မော်ဂျူးလ် ၂-အပြီးတွင် မဲဆန္ဒရှင်ပညာပေးခြင်း လုပ်ငန်းစဉ်များ ကိုလုပ်ကိုင်စေခဲ့သည်။ *She Leads* သင်တန်းသူများ၏သင်တန်းအပြီးလုပ်ဆောင်ချက်သည် အကျိုးသက် ရောက်မှုလွန်စွာရှိပြီး မဲဆန္ဒရှင် ၁၀၀,၀၀၀ ကျော်ကို မဲဆန္ဒရှင်စာရင်းစစ်ဆေးရန်နှင့် ရွေးကောက်ပွဲနေ့တွင် မဲ ပေးရန်အတွက် စည်းရုံးလှုံ့ဆော်နိုင်ခဲ့ကြသည်။

သင်တန်းသူများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကိုသာ လုပ်ဆောင်ခဲ့ကြခြင်းမဟုတ်ဘဲ သင်တန်းသူ ၁၈၄ ဦး (ကိုယ်စားလှယ်လောင်း၏ကိုယ်စားလှယ် ၁၅ ဦး၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ် ၉ ဦး၊ လေ့လာစောင့်ကြည့်သူ ၁၂၄ ဦး၊ သက်သေ ၁၅ ဦး၊ မဲရုံဝန်ထမ်း ၁၃ ဦး၊ ကိုယ်စားလှယ်လောင်း ၆ ဦး၊ မဲရုံမှူး ၁ ဦးနှင့် စည်းရုံးရေးမှူး ၁ ဦး) သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဦးဆောင်မှုအခန်းကဏ္ဍတို့တွင် ပါဝင်ခဲ့ ကြသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သည့် မန္တလေးမြို့မှ စိုးနွယ်အေးသည် တံတားဦး မဲဆန္ဒနယ်မှကိုယ်စားလှယ် အဖြစ်ရွေးကောက်ခံခဲ့ရသည်။ ( သင်တန်းသူများ ၏တိုးတက်မှုဖြစ်ရပ်မှန် စာမျက်နှာ ၅၃ တွင် အသေးစိတ် ဖေါ်ပြထားသည်။)

သင်တန်းသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို စိတ်ဝင်စားမှုရှိစွာဖြင့် ဆက်လက်လုပ် ဆောင်လာခဲ့ကြရာ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲများတွင်လည်း မဲဆန္ဒရှင်အသိပညာပေးသူများအဖြစ် ပူးပေါင်း ပါဝင်လုပ်ဆောင်နိုင်ခဲ့ကြသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်ရှိ She Leads သင်တန်းသူ ၁၈ ဦး သည် အမ်းမြို့နယ်၌ တစ်အိမ်တက်ဆင်းမဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုရာတွင် ရွေးကောက်ပွဲကော်မရှင်ခွဲနှင့်အတူ ပူးပေါင်းပါဂင် လုပ်ဆောင်ခဲ့သည်။



၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များအသိပညာပေးခြင်းအားရန်ကုန်မြို့တွင်လုပ်ဆောင်နေစဉ်။



She Leads သင်တန်းသူများက အမ်းမြို့နယ်တွင် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်းများ ကောက်ယူပြုစုနေစဉ်။

ထို့အပြင် သင်တန်းသူအချို့သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြောဆိုဆွေးနွေးမှုများရှိနေကြပြီး၊ အချို့မှာ ကိုယ်စားလှယ်လောင်း အဖြစ်ဝင်ရောက်ရန်ယှဉ်ပြိုင် ရန်စီစဉ်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ များစွာသောသင်တန်းသူများသည်လည်း မဲဆန္ဒရှင်ပညာပေးလုပ် ငန်းများလုပ်ဆောင်ရန်အတွက် ဆွေးနွေးမှုများရှိနေကြပြီ ဖြစ်သည်။



*"၂၀၁၅ခုနှစ်အထွေထွေ ရွေးကောက်ပွဲတုန်းကဆိုရင် ပါတီကြီးနှစ်ခုလုံးက ကျွန်မကို ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ပြိုင်ဖို့ လာပြီး စည်းရုံးပါတယ်။ ကျွန်မအဆင်သင့် ဖြစ်တယ်လို့ မထင်သေးဘူး။ ဒါကြောင့် ကျွန်မ မေတ္တာစမ်းရေ She Leads ဆိုတဲ့ အမျိုးသမီး အဖွဲ့ တစ်ခုကို မကွေးတိုင်းဒေသကြီးမှာရှိတဲ့ She Leads သင်တန်းသူတွေအတွက် ဖွဲ့ စည်းခဲ့ပါတယ်။ အခုတော့ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း တစ်ဦး အဖြစ် ဝင်ရောက် ယှဉ်ပြိုင်ရန် ကျွန်မ အဆင်သင့် ဖြစ်ပါပြီ။ အမျိုးသမီးတွေရဲ့ အခွင့်အရေး၊ ပါဝင်ဆောင်ရွက်ခွင့်နဲ့ ပတ်သက်ပြီးကျွန်မစည်းရုံးသွားမှာပါ။"*

တင်တင်လေး၊ *She Leads* သင်တန်းသူ ၊ မကွေး ။



*"ကျွန်မ အနေနဲ့ ၂၀၂၀ခုနှစ်အထွေထွေ ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပညာပေး လုပ်ငန်းကို တကယ်လုပ်ချင်ပါတယ်။ ကျေးရွာအုပ်စုပေါင်း ၇၅ စုရှိတဲ့အနက် ၁၅ နေရာသာ မြို့ဧရိယာမှာရှိပြီး၊ အများစုမှာ ကျေးလက်မှာရှိပါတယ်။ ဒီလိုမျိုး ကျေးလက်မှာနေကြ တဲ့ပြည်သူတွေအနေနဲ့ မဲရဲ့တန်ဖိုးကို အမှန်တကယ် သိဖို့လိုအပ်ပါတယ်။ ဒါမှသာ သူတို့တွေ မဲမသမာမှု ပြုလုပ်ခံရခြင်းက ကင်းဝေးမှာ ဖြစ်ပါတယ်။"*

ဝင်းမာထွေး၊ *She Leads* သင်တန်းသူ ၊ ပုသိမ်။




ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဟူခိုက်ကျေးရွာရှိ ရပ်ရွာနေပြည်သူများကတွင် တွဲလက်ညီညီ ကမ်ပိန်းတွင်ပါဝင်ကြစဉ်။

# ၅. တွဲလက်ညီညီကမ်ပိန်းနှင့် တိုက်တွန်းနှိုးဆော်ခြင်း



*"ကျွန်မတို့ ဒီကမ်ပိန်း အကြောင်းကို တိုင်းရင်းသားပြည်သူတွေ အများကြီးတက်လာတဲ့ ပွဲမှာ အမျိုးသမီးတွေကိုရော၊ အမျိုးသားတွေကိုပါ ရှင်းပြပါတယ်။ အစိုးရတာဝန်ရှိသူတွေ အနေနဲ့ကလည်း အရမ်းကို အထောက်အပံ့ဖြစ်ပါတယ်။ သူတို့ က ဘာပြောလဲဆိုရင် လိုအပ်တဲ့ အကူအညီများကို ထောက်ပံ့ ပေးမယ် ပြောပြီး ဓာတ်ပုံကမ်ပိန်းမှာ ပါဝင်ခဲ့ကြတယ်။ ကျွန်မတို့ရဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေကနေ တစ်ဆင့် လူပေါင်း ၃၀၀ လောက် ပါဝင်နိုင်ခဲ့တယ် ။"*

သီတာမြင့်၊ *She Leads* သင်တန်းသူ၊ လားရှိုး

သင်တန်းပို့ ချပေးခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများအပြင် တိုက်တွန်းနှိုးဆော်ခြင်း သည်လည်း *She Leads* ၏ အရေးကြီးသော ဦးတည်ချက်တစ်ခုဖြစ်သည်။ အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့ တွဲလက်ညီညီရပ်ကြစို့ (*We Stand Together* for more women leader) ကမ်ပိန်းတိုက်တွန်းနှိုးဆော်ခြင်းကို နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်များတွင် လုပ်ဆောင်လျှက်ရှိသည်။ထိုသို့ ကမ်ပိန်းလုပ်ဆောင်ရာတွင်အထောက်အကူပြုပစ္စည်းများအဖြစ် အမျိုးသမီးပါဝင်မှုဖော်ပြသည့် လက်ကမ်းစာစောင်၊ ကမ်ပိန်းတောင်းဆိုလွှာနှင့် ကမ်ပိန်းဓာတ်ပုံရိုက်ကူးခြင်း စသည်တို့ကိုအသုံးပြုကာ အများပြည်သူပါဝင်ပံ့ပိုးမှု ရရှိစေနိုင်ရန်အတွက် လုပ်ဆောင်လျှက်ရှိသည်။




ကမ်ပိန်း လက်ကမ်းစာစောင်၊ ဓာတ်ပုံရိုက်ကူးခြင်း၊ အမျိုးသမီးပါဝင်မှုဖော်ပြသည့် လက်ကမ်းစာစောင် (ဇူလိုင်၊ ၂၀၁၇)

ရောင်ခြည်သစ်အဖွဲ့သည် အမျိုးသမီးများ ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍတိုင်း၏ အဆင့်တိုင်းတွင် အဓိပ္ပါယ်ပြည့်ဝစွာပိုမို ပါဝင်ဆောင်ရွက်လာနိုင်စေရန်အတွက် မူဝါဒများ၊ အစီအစဥ်များချမှတ် အကောင်အထည်ဖော်လာစေရန် ပြည်ထောင်စုအဆင့်တွင် တိုက်တွန်းနိုးဆော်မှုများပြုလုပ်လျက်ရှိသည်။

ရောင်ခြည်သစ်အဖွဲ့အနေဖြင့် အမျိုးသမီးများပူးပေါင်းပါဝင်မှု နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်လုပ်ဆောင်လျက်ရှိပြီး အမျိုးသမီးများကဏ္ဍပေါင်းစုံတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပိုမိုပါဝင်လာစေရန်အတွက် တိုက်တွန်းနိုးဆော်ခြင်းများကို ပြည်ထောင်စု အဆင့်အစည်းအဝေး များ ဆွေးနွေးပွဲများမှ တစ်ဆင့် ပြုလုပ်လျက်ရှိသည်။ ထို့အပြင် တွဲလက်ညီညီကမ်းပိန်းအထောက် အကူပစ္စည်းများကို အသုံးပြုကာအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ၊အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များကိုအမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍများတွင်ပိုမိုပါ ဝင်လုပ်ဆောင်လာနိုင်ရန်တိုက်တွန်းနိုးဆော်မှုပြုလုပ်ခဲ့သည်။ အမျိုးသမီးခေါင်းဆောင်များပိုများဖို့ တွဲလက်ညီညီရပ်ကြစို့ ကမ်းပိန်း အထောက်အကူပြုပစ္စည်းများကိုလည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြီးမှူး ကျင်းပသည့် အမျိုးသမီးညီလာခံသို့တက်ရောက်လာကြသူများနှင့် အခြားသော ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများမှ အမျိုးသမီး အခွင့်အရေးများနှင့် ကျား/မရေးရာ တန်းတူညီမျှရေးကိုမြှင့်တင်ခြင်းကိုရည်ရွယ်၍ပြုလုပ်သည့်အခမ်းအနားများတွင်ဖြန့်ဝေပေးခဲ့သည်။



ရန်ကုန်တွင် ကျင်းပသည့် နိုင်ငံတကာ အမျိုးသမီးများနေ့ တွင် ရောင်ခြည်သစ်၏ ဒါရိုက်တာဖြစ်သူ ဒေါ်ခင်လှမှ ကမ်ပိန်း၏ အဓိကသတင်းအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းအား ရှင်းပြနေစဉ်။ ရန်ကုန်၊ ၁၀ မတ် ၂၀၁၈။



ဒေါ်ခင်လှ ရောင်ခြည်သစ်အဖွဲ့၏ ဒါရိုက်တာက လွှတ်တော်အတွင်းရှိဝန်ထမ်းများအား ကန်ပိန်းနှင့်စပ်လျဥ်းသည့် အဓိကအချက်အလက်များ အားရှင်းလင်းပြောကြားနေစဉ်။

တွဲလက်ညီညီကမ်ပိန်း တိုက်တွန်းနိုးဆော်မှုသည် အမျိုးသမီးများကိုယ်စားပြုမှု တိုးမြင့်လာစေရန် အရေးတကြီးလိုအပ် နေသည်ကို အဓိက ဆုံးဖြတ်ချက်ချမှတ်နိုင်သူများအကြား ပိုမိုနိုးကြားမှုရှိလာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။ ကမ်ပိန်းတွင် ပါဝင်သော သတင်းအချက်အလက်များကို အခြားသော အဖွဲ့အစည်းများကလည်းဎင်းတို့၏လုပ်ငန်းများတွင် အကိုးအကားအနေဖြင့် အသုံးပြုလျက် ရှိကြသည်။

*She Leads* သင်တန်းသူများ ရပ်ရွာအဆင့်တွင် ပြုလုပ်သည့် ကမ်ပိန်းလှုပ်ရှားမှုများ၌လည်း သက်ဆိုင်ရာဒေသများမှ ပြည်သူလူထုများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင်များ၏ ပါဝင်ပံ့ပိုးမှု များစွာရှိခဲ့သည့်အတွက် အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍများတွင် ပိုမိုပါဝင်ရန်လိုအပ်သည်ကို ပြည်သူများ၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ သိရှိစေရန်အတွက် များစွာအထောက်အပံ့ဖြစ်ခဲ့သည်။




*ကျွန်တော်တို့နိုင်ငံရဲ့ဒီမိုကရေစီအကူးအပြောင်းကာလက တစ်ကယ်ကိုအရေးပါတဲ့အချိန်ကာလဖြစ်ပါတယ်။ ကျွန်တော်သတိပြုမိတာက ပြည်သူတွေရဲ့ပါဝင်မှုကအရမ်းအရေးကြီးပါတယ်။ အထူးသဖြင့် အမျိုးသမီးများ၏ ပါဝင်မှုကတကယ်အရေးကြီးပါတယ်။*

Rev. Ngox Saik Rong, လားရှိုးမြို့။

တွဲလက်ညီညီကမ်ပိန်းကို နိုင်ငံတော်အဆင့်နှင့် ရပ်ရွာအဆင့်တို့တွင် ပြုလုပ်မှုများရှိသည်သာမက ဖေ့စ်ဘုတ်မှလည်း အများပြည်သူ ပါဝင်ပံ့ပိုးမှုပြုကြစေရန် ဓာတ်ပုံကမ်ပိန်းလုပ်ဆောင်ခဲ့ရာ ပြည်သူပေါင်း ၂၀၀၀၀ ကျော်မှ ကမ်ပိန်းဓါတ်ပုံရိုက်ကူးခြင်းဖြင့် ပါဝင်ထောက်ခံခဲ့ကြသည်။ ထိုသို့ပါဝင်ပံ့ပိုးခဲ့ကြသည့် ကမ်ပိန်းဓါတ်ပုံများကို ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ သိရှိစေရန်အတွက် ၂၀၁၉ ခုနှစ်၊ မတ်လတွင် ပြုလုပ်ကျင်းပမည့်အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှင့်အခမ်းအနားတွင် ပြသသွားမည်ဖြစ်ပါသည်။




ရပ်ရွာနေပြည်သူများကတွဲလက်ညီညီ ကမ်ပိန်းတွင်ဓာတ်ပုံရိုက်ကူးခြင်းဖြင့် ပါဝင်ပံ့ပိုးမှုများပြုလုပ်နေစဉ်။



*"တိုက်တွန်းနိုးဆော်မှုနဲ့ဆိုင်တဲ့ ကမ်ပိန်းကို မြို့နယ်နှစ်ခုမှာ ကျွန်မ လုပ်ခဲ့ပါတယ်။ အဲဒီလို လုပ်တဲ့အခါ ခွင့်ပြုချက်ရရှိဖို့ ကို အစိုးရ တာဝန်ရှိသူတွေဆီမှာ စာတင်ဖို့လိုအပ်လာတာမို့ ကျွန်မရဲ့ စာရေးသားတဲ့ အရည်အသွေးကို အသုံးချခဲ့ရပါတယ်။ တာဝန်ရှိသူတွေနဲ့ လည်း ကျွန်မ ဆွေးနွေးညှိနှိုင်းခဲ့ရပါတယ်။ တစ်နေရာတည်းမှာ လူတွေအများကြီးစုဝေးတာကို သူတို့ဖက်က စိုးရိမ်တဲ့ အတွက်ကြောင့်ဖြစ်ပါတယ်။ အစိုးရဖက်က တာဝန်ရှိသူတွေနဲ့ ကနဦးကတည်းက ဆက်သွယ်ဆောင်ရွက်ထားဖို့က အလွန်ကိုပဲ အရေးကြီးပါတယ်။ အဲဒီလို လုပ်လာနိုင်ဖို့ လိုအပ်တဲ့ အရည်အသွေးတွေ၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချရ မှုတွေကို She Leads ဆီကနေပဲ ရခဲ့တာပါ။ ကျွန်မရဲ့ အရည်အသွေးတွေ အများကြီး တိုးတက်သွားတယ်လို့ ခံစားရပါတယ်။ အခက်အခဲတွေတော့ နည်းနည်းရှိတာပေါ့၊ ဒါပေမယ့် နောက်ဆုံးမှာ ကျွန်မ ရှေ့ဆက်သွားနိုင်ခဲ့ပါတယ်။ ကျွန်မ ကမ်ပိန်းဓာတ်ပုံ ၁၆၈ ပုံကို ရိုက်ကူးနိုင်ခဲ့ပြီး အဆိုပါဓာတ်ပုံများကို ရောင်ခြည်သစ်ကို ပို့ပေးခဲ့ပါတယ်။*

နန်းအိရွှေဇင်ဝင်း၊ *She Leads* သင်တန်းသူ၊ ဘားအံ

# She Leads ကိန်းဂဏန်းများ

ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ နေရာ ၁၇ နေရာရှိ အမျိုးသမီး ၁၈၉၂ ဦး တို့ကို ခေါင်းဆောင်မှုစွမ်းရည်များ တိုးတက်မြင့်မားလာစေရန် သင်တန်းများ ပို့ချပေးနိုင်ခြင်း။

ရပ်ရွာနေပြည်သူ ၂၀၀၀၀၀ ကို
မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများ အပါအဝင် သတင်းအချက်အလက်များ မျှဝေပေးခြင်း

၂၀၁၅ အထွေထွေရွေးကောက်ပွဲ တွင် သင်တန်းသူ၁၈၄ဦးတို့က ခေါင်းဆောင်မှုနေရာများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

အမျိုးသမီး ၁၈ ဦး သည် ၁၀ အိမ်မှူး နှင့် ရာအိမ်မှူးများ ဖြစ်ကြသည်။

၂၀၀၀၀ ကျော်သော
ကမ်ပိမ်းဓာတ်ပုံများ
လက်ခံရရှိခြင်း

သင်တန်းသူ ၆ဦး
ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပြီး၁ဦးမှာ လွှတ်တော်ကိုယ်စား လှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

သတင်း ပုံနှိပ်ထုတ်ဝေဖော်ပြချက် နှင့် ရေဒီယို
အစီအစဉ် နှင့်
အင်တာဗျူးများ
၁၄

ကမ်ပိန်းလက်ကမ်းစာစောင် ၁၀၀၀၀ ခုနှင့် ကမ်ပိန်းရေးသားဖော်ပြချက် ၁၀၀၀၀ ကိုဖြန့်ဖြူးနိုင်ခဲ့ခြင်း

အမျိုးသမီး ၁၀ ဦးကျော်မှာ
အမျိုးသမီး အဖွဲ့များ (သို့) ကွန်ယက်များတည်ဆောက်ပြီး ကိုယ်ပိုင်အဖွဲ့အစည်းများတည်ဆောက်ခြင်း

သင်တန်းပြီး လုပ်ဆောင်မှု ၇၅၀၀ ကျော် ကိုပြုလုပ်ခဲ့ခြင်း။

# ၆. *She Leads* ၏ အကျိုးသက်ရောက်မှု



*" ဒီသင်တန်းဟာ ကျွန်မကို စိတ်အားထက်သန်မှုနဲ့၊ ခေါင်းဆောင်တစ်ယောက် ဖြစ်လာနိုင်ဖို့ ယုံကြည်မှုရှိလာအောင်တွန်းအားပေးခဲ့ပါတယ်။ သင်တန်းမတက် ခင်တုန်းကဆိုရင် ကျွန်မ ခေါင်းဆောင်တစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ပဲ မျှော်လင့်ခဲ့ရာကနေ အခုတော့ ခေါင်းဆောင်တစ်ယောက် ဖြစ်လာမယ်လို့ သိရှိလက်ခံလာခဲ့ပါတယ်။"*

(စုလှိုင်ထွန်း ၊ *She Leads* သင်တန်းသူ၊ ပဲခူးတိုင်းဒေသကြီး )

She Leads အစီအစဉ်သည် အောင်မြင်မှုများစွာရရှိခဲ့ပြီး ၊ အကျိုးသက်ရောက်မှုများစွာရရှိရန် လုပ်ဆောင်နိုင်ခဲ့သည်မှာလည်း ချီးကျူးဖွယ်ရာဖြစ်သည်။ ဤအစီအစဉ်တွင် သင်တန်းတက်ရောက်ခွင့်ရခဲ့သူများ၏ ခေါင်းဆောင်မှုဆိုင် ရာအသိပညာ၊ခေါင်းဆောင်မှု အပေါ် ထားရှိသောသဘောထားအမြင်များနှင့် ၎င်းတို့၏အပြုအမူများပြောင်းလဲလာခြင်းသည်သိသာထင်ရှားသည့်အရေးကြီးသော ပြောင်းလဲမှုရလဒ်ဖြစ်သည်။ သင်တန်းတွင်လေ့ကျင့်သင်ကြားပေးသည်ထက်ကျော်လွန်ကာ ကြီးမားသောသက်ရောက်မှုများ၊ ကျယ်ပြန့်သောအကျိုးဆက်များရရှိခဲ့သည်။ သိသာထင်ရှားသည့်အချက်မှာ သင်တန်းသူများသည် ၎င်းတို့၏ ဒေသများတွင်အရေးပါသည့် ခေါင်းဆောင်မှုအခန်းကဏ္ဍများ၌တာဝန်ယူဆောင်ရွက်လာကြပြီး၊ ဒေသဆိုင်ရာအဆင့်နှင့်နိုင်ငံတော်အဆင့်ရှိကဏ္ဍစုံမှပါဝင်ပတ်သက် သူများကြားတွင်လည်း အမျိုးသမီးခေါင်းဆောင်မှုအခန်းကဏ္ဍများမြှင့်တင်ပေးရန်လိုအပ်သည်ကို ပိုမိုသိမြင်လာကြသည်

## အကျိုးသက်ရောက်မှုရှိသော အဓိက ကဏ္ဍများ

### သင်တန်းမှတစ်ဆင့် အကျိုးခံစားခွင့် ရရှိခဲ့ကြသူများ

ရောင်ခြည်သစ်အဖွဲ့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသမီးပေါင်း ၁၈၀၀ ကျော်ကို ခေါင်း ဆောင်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်းပေးနိုင်ခဲ့ပြီး၊ သင်တန်းသူများပြုလုပ်သည့်သင်တန်း အပြီးလုပ်ဆောင်ချက်အကြိမ်ရေ ၇၅၀၀ မှတစ်ဆင့် ပြည်သူလူထု ၂၀၀၀၀၀ ကျော်သည် ရွေးကောက်ပွဲအသိပညာများနှင့် အမျိုးသမီးခေါင်းဆောင်မှု အခန်းကဏ္ဍအရေးကြီးပုံ တို့ကို သိရှိခွင့်ရခဲ့ကြသည်။

### ရရှိခဲ့သော အသိပညာများ

သင်တန်းသူများ၏ အသိပညာဆိုင်ရာနှင့်ပတ်သက်၍ သင်တန်းအကြိုနှင့်အပြီးစစ်တမ်းများဖြေဆိုမှုများအရ ၎င်းတို့၏ အသိပညာဗဟုသုတများသည် သင်တန်းပြီးသည့်အချိန်တွင် သိသာစွာတိုးတက်လာသည်ကို တွေ့ရှိရသည်။ သင်တန်းများတက်ရောက်ပြီးလပေါင်းများစွာကြာသည့်တိုင် သင်တန်းတွင်လေ့လာသင်ကြားသိရှိခဲ့ရသည့်အသိပညာများကို သေချာစေ့ငုစွာမှတ်သားထားရှိကြသည်ကိုလည်း လူတွေ့မေးမြန်းမှုများ၊ ဦးတည်အုပ်စုဆွေးနွေးပွဲများမှတစ်ဆင့်သိရှိရသည်။ သင်တန်းသူများ ယခုကဲ့သို့အသိပညာများ တိုးတက်ရရှိလာမှုသည် ၎င်းတို့မိမိကိုယ်မိမိယုံကြည်မှုတိုးတက်လာစေရန်နှင့် ရပ်ရွာဒေသများတွင် အများကအလေး ထားရသည့်စံပြပုဂ္ဂိုလ်များ၊ခေါင်းဆောင်များအဖြစ်သတ်မှတ်လက်ခံလာကြစေရန် များစွာအထောက်အပံ့ဖြစ် စေသည်။



*" ကျွန်မအတွက် အရေးအကြီးဆုံးကိစ္စတစ်ခုကတော့ တိုက်တွန်းနှိုးဆော်မှုတွေဘယ်လို လုပ်ရမယ်၊ မေးခွန်းတွေ ဘယ်လိုမေးရမယ်ဆိုတာကိုသိလာတာပါပဲ။ အခုဆိုရင် ကျွန်မ အစိုးရအာဏာပိုင်တွေကို မေးခွန်းထုတ်တာမျိုးတွေ လုပ်လာနိုင်ပါပြီ။ ပြီးတော့ ကျွန်မကို မေးခွန်းမေးလာခဲ့ရင်လည်း ဘယ်လိုဖြေရမယ်ဆိုတာကို ကောင်းကောင်းသိလာပါတယ်။"*

မြင့်မြင့်လှိုင်၊ *She Leads* သင်တန်းသူ၊ မကွေးတိုင်းဒေသကြီး

# သဘောထားအမြင်များ ပြောင်းလဲသွားခြင်းနှင့် မိမိကိုယ်ကိုယုံကြည်မှုမြှင့်တက်လာခြင်း

ဤအစီအစဉ်မှပို့ချသည့်သင်ခန်းစာများသည် သင်တန်းသူများ၏စိတ်နေသဘောထားများကို များစွာပြောင်းလဲသွားစေသည်။ အထူးသဖြင့် ၎င်းတို့မိမိကိုယ်မိမိယုံကြည်မှုတိုးတက်လာပြီး၊ ခေါင်းဆောင်မှုအပေါ်တွင် ထားရှိသော သဘောထားအမြင်များလည်း ပြောင်းလဲလာကာ၊ ၎င်းတို့ ကိုယ်တိုင် ခေါင်းဆောင်များ ဖြစ်လာနိုင်သည် ဟု ယုံကြည်လက်ခံလာကြသည်။ ဤကဲ့သို့သော ပြောင်းလဲလာမှုများသည် အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှုအခန်းကဏ္ဍနှင့် သင့်လျော်ခြင်းမရှိဟူသော ရှေးရိုးစွဲဓလေ့များအပေါ်တွင် အခြေခံသည့် အတွေးအမြင်များရှိသော မြန်မာနိုင်ငံတွင် ထူးခြားသည့် ပြောင်းလဲမှုတစ်ရပ်ပင် ဖြစ်သည်။



ဂျာဆိုင်းပန်သည် IDP စခန်းများတွင်နေထိုင်သော အမျိုးသမီးများအတွက် အမျိုးသမီးခေါင်းဆောင်မှုသင်တန်းအပြီး သင်တန်းသူများအဖွဲ့လိုက်တွေ့ဆုံသည့်အစည်းအဝေးပွဲတွင်ပါဝင်ပြောကြားနေစဉ်။

*" သင်တန်းမတိုင်ခင်တုန်းက ကျွန်မရဲ့ခံစားချက်ကို ဖော်ပြတဲ့အခါ ညှိုးနွမ်းနေတဲ့ ပန်းပွင့်ပုံကို ရေးဆွဲပြီး ဖော်ပြခဲ့ပါတယ်။ သင်တန်းပြီးသွားတဲ့နောက်မှာတော့ ကျွန်မဟာ ရေလောင်းပေးခံရတဲ့အတွက် အရောင်အသွေးတွေနဲ့စုံလင်တဲ့ ပန်းပွင့်တစ်ပွင့် ဖြစ်လာတယ်လို့ ခံစားလာရပါတယ်။ အရင်တုန်းကဆိုင်ရင် ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိသလို၊ မေးခွန်းလဲ မမေးရဲ ဘူး။ အခုတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ အများကြီး ရှိလာပြီး၊ လှုပ်ရှားမှုတွေမှာ ပါဝင်လာနိုင်ပါပြီ"*

ဂျာဆိုင်းပန်၊ မိုင်းနား ကေဘီစီ၊ ပိုင်းမော်။

*She Leads* သည် အမျိုးသားများ၏ မိသားစုအတွင်း နှင့် ရပ်ရွာတို့တွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍ အပေါ် ထားရှိသော အမြင်သဘောထားများကိုလည်း ပြောင်းလဲ လာရန် အထောက် အပံ့ဖြစ်စေခဲ့သည်။



*"ကျွန်မ အမျိုးသားတွေကို စကားပြောတဲ့အခါ အမျိုးသမီးတွေရဲ့ အခြေအနေတွေ တိုးတက်လာမယ် ဆိုရင် အမျိုးသားတွေရဲ့ အခြေအနေတွေဟာလည်း တိုးတက်လာလိမ့်မယ် လို့ ရှင်းပြဖြစ်တယ်။ ဒီလိုရှင်းပြတဲ့ အတွက်ကြောင့် ကျမလုပ်နေတဲ့ လှုပ်ရှားမှုတွေကို အမျိုးသားတွေက ထောက်ခံလာကြပြီး ရွာ ၃ ရွာမှာ ဟောပြောဖို့ ဖိတ်ကြားခဲ့ကြပါတယ်။"*

အေးအေးမြင့် She Leads သင်တန်းသူ၊ မကွေး

## ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် သင်တန်းသူအမျိုးသမီးများ ပါဝင်ဆောင်ရွက်လာကြခြင်း

အမျိုးသမီးအများစုသည် သင်တန်းမှရရှိလာသော စွမ်းရည်နှင့် ဗဟုသုတများကို အသုံးချခြင်းအားဖြင့် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်လာကြရန်နှင့် အမျိုးသမီးများနှင့် သက်ဆိုင်သော ကိစ္စရပ်များ လုပ်ဆောင်ရန်အတွက် စိတ်အားထက်သန်မှုများစွာရရှိလာကြသည်။

ထို့အပြင် သင်တန်းသူအမျိုးသမီးများသည် ကဏ္ဍပေါင်းစုံတွင် ပါဝင်လုပ်ဆောင်လာကြသည်ကို ထင်ရှားစွာတွေ့မြင်လာရသည်။ ထိုသို့လုပ်ဆောင်နေမှုများတွင် သင်တန်းသူ ၁၀ ဦးကျော်သည် ကိုယ်ပိုင်အဖွဲ့အစည်းများ တည်ထောင်လာကြခြင်း၊ ကျား/မ ဖြစ်တည်မှုအပေါ်တွင် အခြေပြု၍ ဖြစ်ပွားသည့်အကြမ်းဖက်မှုများ၊ လယ်ယာမြေပြုပြင်ပြောင်းလဲခြင်းနှင့် စီးပွားရေးဆိုင်ရာစွမ်းရည်မြှင့်တင်ခြင်းကိစ္စရပ်များကိုလုပ်ဆောင်နိုင်ရန်အတွက် အမျိုးသမီးအစုအဖွဲ့များဖွဲ့စည်းခြင်း နှင့် ကွန်ရက်ချိတ်ဆက်လုပ်ဆောင်ခြင်းတို့ပါဝင် သည်။ ထို့အပြင် သင်တန်းသူ ၁၈ ဦးတို့သည် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများအဖြစ် ဆောင်ရွက်နေကြသည်ကို လည်း တွေ့ရှိရသည်။



*" ကျွန်မ အခုဆိုရင် ရပ်ရွာဒေသတိုးတက်ဖို့ အတွက် ရာထူးကြီးတဲ့သူတွေနဲ့ ဆက်ဆံဆောင်ရွက်ဖို့ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်တွေရရှိလာပြီဖြစ်တယ်။ ကျွန်မအတွက် လိုအပ်တဲ့ အရည်အသွေးတွေကိုShe Leads အစီအစဉ်ကနေ လေ့လာသိရှိခဲ့ရပါတယ်။ အဲဒီ အရည်အသွေးတွေကပဲ ကျွန်မကို ဆယ်အိမ်မှူးတစ်ယောက်အဖြစ် လုပ်လာ နိုင်အောင် တွန်းအားပေးခဲ့တယ်။ ဒါဟာ ကျွန်မအတွက်တော့ ဦးဆောင်မှုကဏ္ဍမှာ လုပ်ဆောင်လာနိုင်ဖို့အတွက် ပထမဆုံးခြေလှမ်းဖြစ်တယ်။ အနာဂတ်မှာလည်း ဒီထက်မြင့်တဲ့ အဆင့်မြင့်တဲ့ နေရာ / ကဏ္ဍတွေမှာ ပါဝင်လုပ်ဆောင် လာနိုင်ဖို့ ကျွန်မ ကြိုးစားသွားမှာဖြစ်ပါတယ်။"*

မိုးမိုးအေး၊ *She Leads* သင်တန်းသူ ကျောက်ဖြူမြို့

## ရွေးကောက်ပွဲများတွင် ပါဝင်ဆောင်ရွက်လာခြင်း

*She Leads* သည် ဒီမိုကရေစီစနစ် နှင့် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ၏ စိတ်ပါဝင်စားမှုရှိလာအောင် တွန်းအားပေး လှုံ့ဆော်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် *She Leads* သင်တန်းသူများသည် ပြည်သူများ မှန်ကန်စွာမဲပေးနိုင်သည့် လူဦးရေ ၁၀၀ ၀၀၀ ကျော်အတွက် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများလုပ်ကိုင်ခဲ့သည်။ ထို့အပြင် သင်တန်းသူ ၁၈၄ ဦးသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့အနက်မှ ၆ ဦးသည် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တစ်ဦးမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခံခဲ့ရသည်။ ထို့နောက်တွင်လည်း *She Leads* သင်တန်းသူ ၄၃ ဦးသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာကော်မရှင်ခွဲများနှင့်အတူ တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို လုပ်ဆောင်ခဲ့ကြသည်။ ထို့အပြင် ပြည်သူပေါင်း ၁၀၀၀၀ ခန့်အတွက်လည်း မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို လုပ်ဆောင်လာနိုင်ခဲ့ကြသည်။




*"ကျွန်မက မဲရုံဝန်ထမ်းတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မလုပ်ရတာက မဲဆန္ဒရှင်စာရင်းသွင်းခြင်းကို စစ်ဆေးရတာပါ။ မဲရေတွက်တဲ့ ဖြစ်စဉ်မှာလည်း ကျွန်မ ပါဝင်ခဲ့ပြီး ခိုင်လုံမဲနဲ့ ပယ်မဲတွေကို ခွဲခြားနိုင်ဖို့ အတွက် သင်တန်းက ရရှိခဲ့တဲ့ အသိပညာတွေကို အသုံးပြုခဲ့ပါတယ်။"*

ခင်မာလာကျော်၊ *She Leads* သင်တန်းသူ၊ ပြည်

# မီဒီယာ နှင့် ပြည်သူ့ ဆက်ဆံရေး

*She Leads* အစီအစဉ်အကြောင်းကို နိုင်ငံတော်အဆင့် နှင့် နိုင်ငံတကာအဆင့် ပုံနှိပ်မီဒီယာနှင့် ရုပ်သံမီဒီယာများတွင် ကျယ်ကျယ် ပြန့်ပြန့်ဖော်ပြနိုင်ခဲ့သည်။ ထိုသို့ဖော်ပြနိုင်ခဲ့ခြင်းကြောင့် *She Leads* အစီအစဉ် နှင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍအား မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာ တွင်ပါ မြှင့်တင်ရန် လိုအပ်လျက်ရှိသည်ကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ ထို့အပြင် *She Leads* ရုပ်သံမှတ်တမ်းအားထုတ်လုပ်ကာ မြန်မာ့အသံ (MRTV) တွင် ထုတ်လွှင့်ပြသနိုင်ခဲ့သည်။ အမျိုးသမီးခေါင်းဆောင်မှု အဆင့်မြင့်သင်တန်းတွင် သင်တန်းသူများသည်မီဒီယာနှင့် သက်ဆိုင်သော အကြောင်းအရာ များကို လေ့လာ သိရှိခွင့်ရကာ သင်တန်းသူ အချို့သည် မီဒီယာနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် ပါဝင် လုပ်ဆောင်လာကြသည်။




ခင်လန်းဆန်း၊ *She Leads* သင်တန်းသူ၊ မုံရွာမြို့နယ် အမျိုးသမီးခေါင်းဆောင်များပိုများဖို့ အတွက် လိုအပ်သည်များအား မီဒီယာတွင်ပြောကြားနေစဉ်။




တွဲလက်ညီညီကန်ပိန်း နှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များအား မြန်မာ-တိုင်းမ်တွင် ခေါင်းစီးပိုင်းအဖြစ် ဖော်ပြခြင်း။

## ဆုံးဖြတ်ချက်ချ မှတ်နိုင်သူများအား တိုက်တွန်းနှိုးဆော်ခြင်း

"အမျိုးသမီးခေါင်းဆောင်များ ပိုမိုများဖို့ တွဲလက်ညီညီ ရပ်ကြစို့" ကမ်ပိန်းလှုပ်ရှားမှု၏ အကျိုးရလဒ်အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သူများအကြားတွင် အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍများ၌ ပိုမိုပါဝင်လာရန်နှင့် ကျား/မ ရေးရာတန်းတူညီမျှမှု မြှင့်တင်ခြင်းဆိုင်ရာ မူဝါဒရေးရာများ လုပ်ဆောင်ရန်လိုအပ်သည်ကို သိရှိလာကြခြင်းဖြစ်သည်။ ထို့အပြင် အများပြည်သူများအကြား ကမ်ပိန်းအကြောင်းကို သိရှိလာစေရန်အတွက် ကမ်းပိန်းလက်ကမ်းစာစောင် ၁၀၀၀၀ ကျော် နှင့် ကမ်းပိန်းတောင်းဆိုလွှာ ၁၀၀၀၀ ကျော် တို့ကို ဖြန့်ဝေပေးနိုင်ခဲ့သည်။ ပြည်သူ ၂၀၀၀၀ ကျော် တို့မှလည်း ကမ်းပိန်းဓာတ်ပုံရိုက်ကူးခြင်းဖြင့် ပါဝင်ပံ့ပိုးမှုများပြုလုပ်ခဲ့ကြသည့်အပြင် *She leads* သင်တန်းသူများမှလည်း သင်တန်းအပြီးလုပ်ဆောင်ချက်အဖြစ် တွဲလက်ညီညီကမ်ပိန်းကို အကြိမ်ရေ ၂၅၀၀ ကျော်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ဆောင်ခဲ့ကြသည်

## She Leads သင်တန်းသူများ ကွန်ယက် ချိတ်ဆက်လုပ်ဆောင်ခြင်း

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ မသန်စွမ်း အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များ ပါဝင်သည့် *She Leads* သင်တန်းသူ ၁၈၀၀ ကျော် တို့သည် အချင်းချင်း ကွန်ယက်ချိတ်ဆက်လုပ်ဆောင်လာနိုင်ခဲ့ကြသည် သာမက အခြားသော အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ ကွန်ရက်များနှင့်လည်း ချိတ်ဆက်လုပ်ဆောင်လာနိုင်ခဲ့ကြသည်။ ထို့အပြင် အမျိုးသမီးများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီတိုးမြှင့်လုပ်ဆောင်ရန်နှင့် အမျိုးသမီးများ၊ ကလေးသူငယ်များအပေါ်တွင် သက်ရောက်မှုရှိသည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ဘုံရည်မှန်းချက်ထားကာ စုပေါင်းလုပ်ဆောင်လာကြသည်။



*"တကယ်လို့ အမျိုးသမီးတွေဟာ နိုင်ငံရေးနဲ့ဆုံးဖြတ်ချက် ချမှတ်တဲ့ နေရာတွေမှာ တန်းတူပါဝင်ခွင့်ရမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာသာယာဝပြောတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာ ဖြစ်တယ်။ အမျိုးသမီးတွေ ဟာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်ငန်းစဉ်တွေ၊ မူဝါဒရေးရာကိစ္စရပ်တွေမှာ တန်ဖိုးမဖြတ်နိုင်လောက်အောင် ပါဝင်လုပ်ဆောင်ပေးနိုင်တာဖြစ်တယ်။ She Leads က မြန်မာနိုင်ငံဟာ ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီ လူ့ဘောင်အသိုင်းအဝန်းတစ်ခု ဖြစ်လာရန်အတွက် အဓိက နေရာကနေ ပံ့ပိုးပေးနေတာဖြစ်တယ်။ ဒါကြောင့် အမျိုးသမီးတွေကို ခေါင်းဆောင်ဖြစ်လာဖို့အတွက် ပိုမိုတွန်းအားပေးတဲ့ အစီအစဉ်တွေ လုပ်ဆောင်ပေးရမှာဖြစ်တယ်။"*

နန်းစန်းစန်းဝင်း၊ *She Leads* သင်တန်းသူ၊ ဘားအံ


She Leads
အမျိုးသမီးခေါင်းဆောင်များ ပိုများဖို့
တွဲလက်ညီညီ ရပ်ကြစို့
ALL TIME
01-547167
09-45 6666

# ၇. သင်တန်းသူများ၏ တိုးတက်မှုဖြစ်ရပ်မှန်

## က. ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်လက်တွဲလုပ်ဆောင်ခြင်း

အသက် ၃၃ နှစ်အရွယ်ရှိ မီမီသိန်း အနေဖြင့် အချိန်တိုအတွင်း အောင်မြင်လာခဲ့သည်မှာ ထူးခြားပြောင်မြောက်လှပါသည်။ ၂၀၁၆ ခုနှစ်တွင် *She Leads* အစီအစဉ်၌ စတင်ပါဝင်ခဲ့သည်မှစ၍ သူမသည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တိုင်းရင်းသား

*"ကျွန်မသာ She Leads မှာ မပါဝင်ခဲ့ဘူးဆိုရင် ရပ်ရွာငယ်လေးတစ်ခုမှာပဲ ကျွန်မ အလုပ်ဆက်လုပ်နေရဦးမှာပဲ။ အကယ်၍သာ အဲဒီလိုဖြစ်ခဲ့ရင် ကျွန်မလုပ်နိုင်စွမ်းတွေကို တိုးတက်လာစေခဲ့မှာ မဟုတ်သလို၊ အစိုးရအဆင့်မှာလည်း ပါဝင်ဆောင်ရွက် နေနိုင်မှာ မဟုတ်ပါဘူး"*

**မီမီသိန်း၊**
**ရှမ်းပြည်နယ် အရှေ့ပိုင်း**






ကလေးငယ်များကို စာသင်ကြားပေးနေသည့် ဆရာမအဖြစ်မှ ဒေသဆိုင်ရာအဆင့်တွင်တိုက်တွန်းနှိုးဆော်နေသည့် လုပ်ငန်းကိုလုပ်ကိုင်နိုင်သော တက်ကြွလှုပ်ရှားသူ တစ်ယောက်ဖြစ်လာသည်။ထို့အပြင်ဒေသဆိုင်ရာအဆင့်၊ ပြည်နယ် နှင့် နိုင်ငံတော်အဆင့်များတွင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ထိခိုက်ခံစားနေရသောလူငယ်များ၊ အမျိုးသမီးများနှင့် ရပ်ရွာဒေသများ၏ ဆန္ဒသဘောထားများကို ကိုယ်စားပြု လှုပ်ရှားဆောင်ရွက် သူတစ်ယောက်အဖြစ် လုပ်ဆောင်လာနိုင်သည်။

မီမီသိန်း၏ ကြိုးပမ်းအားထုတ်မှုများကို ရှမ်းပြည်နယ်အစိုးရမှပင် အသိအမှတ် ပြုမှုများရှိလာပြီး ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားတွင် လူငယ်အမျိုးသမီးစွမ်းဆောင်ရည်ဆုကို ချီးမြှင့်ပေးခဲ့သည်။ သူမအနေဖြင့် ထိုကဲ့သို့ပြည်နယ်အစိုးရမှ အသိအမှတ်

ပြုခံရသည်အထိ အောင်မြင် အောင်လုပ်ဆောင်နိုင်ခြင်းမှာ အများနှင့်မတူဘဲ အလုပ်အပေါ် စိတ်အားထက်သန်မှု၊ သဘာဂကပေးသည့် ခေါင်းဆောင်မှုဆိုင်ရာစွမ်းရည်နှင့် ကဏ္ဍပေါင်းစုံမှ ပါဂင်ပတ်သက်သူများနှင့်အဆင့် တိုင်းတွင် အတူတကွလက်တွဲလုပ်ဆောင်နိုင်ခြင်း ကြောင့်ဖြစ် သည်။

*She Leads* သင်တန်းတွင် ခေါင်းဆောင်မှု၊တိုက်တွန်းနှိုးဆော်ခြင်း နှင့်အပြုသဘောဆောင်သည့် ပြောင်းလဲမှုရရှိအောင်မည်ကဲ့သို့ လုပ်ရမည်ဆိုသည့်စွမ်းရည်များကို လေ့လာပြီးသည့်အချိန်မှစ၍ မီမီသိန်း၏ ခေါင်းဆောင်မှုခရီးစတင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလှသည်ကို ဖြေရှင်းဆောင်ရွက်ရန် ကွန်ယက်တစ်ခု လိုအပ်သည်ကို သတိပြုမိပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် ကျိုင်းတုံလူငယ်ကွန်ယက်ကိုဖွဲ့စည်းခဲ့သည်။

---

*" ကျွန်မအနေနဲ့ က ကွန်ရက်တစ်ခုကို စတင်ဖွဲ့စည်းချင်လာတယ်။ ဒီကွန်ရက်က လူငယ်တွေကို အတူတကွ စုစည်းနိုင်စေပြီး၊ လူငယ်တွေကို ကောင်းမွန်တဲ့ လုပ်ငန်းတွေ အတူတူလုပ်ဆောင်နိုင်စေဖို့ ရည်ရွယ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လူမှုရေးပြဿနာတွေ ဖြစ်တဲ့ မူးယစ်ဆေးဝါးနဲ့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်း စတာတွေကို ဖြေရှင်းနိုင်ဖို့ ၊အကူအညီပေးဖို့လဲ ဖြစ်ပါတယ်။"*

---

လူငယ်များ၊ ဒေသဆိုင်ရာမှ ပြည်သူများနှင့် အတူတကွ လက်တွဲလုပ်ဆောင်ခြင်းဖြင့် ကွန်ယက်သည် ရေရှည်တည်တံ့လာခဲ့ပြီး၊ ဒေသဆိုင်ရာ ရန်ပုံငွေ ရှာဖွေကြိုးပမ်းမှုများနှင့် ထိုင်းနိုင်ငံရှိ ဖောင်ဒေးရှင်းတစ်ခု၏ ထောက်ပံ့မှုတို့ဖြင့် ကျိုင်းတုံတွင် လူငယ်စင်တာတစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ ကွန်ရက်အတွင်းမှ လူငယ်ခေါင်းဆောင်များ ထွက်ပေါ်လာခဲ့ပြီး ၎င်းတို့သည် နိုင်ငံတော်အဆင့် လူငယ်မူဂါဒတွင် တက်ကြွစွာ ပါဂင် ဆောင်ရွက်လျက် ရှိသည်ဟု မီမီသိန်းက ပြောသည်။

မီမီသိန်းသည် လက်ရှိတွင် သဘာဂပတ်ဂန်းကျင်ဆိုင်ရာ ပြဿနာများ အထူးသဖြင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို ဦးစားပေး ဆောင်ရွက်နေသည်။ ကဏ္ဍစုံမှ မတူကွဲပြားသည့် ပါဂင်ပတ်သက်သူများနှင့် လက်တွဲလုပ်ဆောင်နိုင်သည့် သူမ၏ အရည်အချင်းကြောင့်ရှေ့တန်းရောက်လာခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် သူမသည် MATA (မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဂန်ယူမှု၊ တာဂန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့) တွင် စတင်ပါဂင်ခဲ့ပြီး သဘာဂပတ်ဂန်းကျင်ဆိုင်ရာ ပြဿနာများတွင် ပါဝင် ဆောင်ရွက်ခဲ့သည်။ သူမသည် EITI (တွင်းထွက်သယံဇာတ များ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ နှင့် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး) ဦးဆောင်ကော်မတီအဖွဲ့တွင် အဖွဲ့ဝင် အတွင်းရေးမှူး ဖြစ်လာခဲ့ပြီး ၎င်းအဖွဲ့တွင် သူမသည် တစ်ဦးတည်းသော အမျိုးသမီးအဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ထို့ပြင် သူမသည် တွင်းထွက် သယံဇာတတူးဖော်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေ၊ မူဂါဒများရေးဆွဲသည့်လုပ်ငန်းစဉ်များတွင်အရပ်ဖက်အဖွဲ့အစည်းများ ကိုယ်စားပြုပါဂင်သည်။

အဆိုပါ ကဏ္ဍများတွင် မီမီသိန်းသည် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုကာ အစိုးရအရာရှိများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ ၊ ကုမ္ပဏီများနှင့် အတူတကွ လုပ်ဆောင်လျက်ရှိသည်။ နားထောင်ခြင်း နှင့် အပြုသဘောဆောင်သည့် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်နိုင်သည့် အရည်အချင်းသည် အလွန်ပင် အရေးကြီးပါသည်ဟု သူမက ပြောသည်။

မီမီသိန်းသည် သူမလုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းများအားလုံးတွင် အမျိုးသမီးများ၏ အသံများကို ထည့်သွင်းကိုယ်စားပြုနိုင်ရန် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိသည်။

---

*"အမျိုးသမီးတွေ အနေနဲ့ သဘာဂသယံဇာတတွေ၊ သဘာဂပတ်ဂန်းကျင် နဲ့ တိုင်းပြည်ရဲ့အရင်းအမြစ်တွေဟာ သူတို့ နဲ့ မဆိုင်ဘူးလို့ တွေးထင်တတ်ကြပါတယ်။ အဲဒါဘာလို့ဖြစ်ရတာလဲဆိုတော့ အမျိုးသမီးတွေ အနေနဲ့ အဲဒီ ဖြစ်စဉ်တွေအပေါ်မှာ ထိတွေ့ ဆက်ဆံမှုမရှိကြလို့ ပါပဲ။မကြာခဏဆိုသလိုပဲ အစိုးရရဲ့ ဆုံးဖြတ်ချက်တွေဟာ ပွင့်လင်းမြင်သာမှုမရှိတာကို တွေ့ရတယ်။ ဒါကြောင့် အမျိုးသမီးတွေကို အသိပေးဆွေးနွေးစေတာ၊ အမျိုးသမီးတွေကိုယ်တိုင် သူတို့ ရဲ့ အခွင့်အရေးကို သိလာတာတွေ ဖြစ်လာဖို့ ကျွန်မလုပ်ချင်တာ ဖြစ်ပါတယ်။"*

---

# ၁. နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် နေထိုင်သောအမျိုးသမီးများ

လုဆန်သည် ကလေး ၄ ဦးမိခင် အိမ်ထောင်ဦးစီးတစ်ဦး ဖြစ်ပြီး ကချင်ပြည်နယ်၊ ဇီးအွန် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများစခန်းတွင် စခန်းစီမံခန့်ခွဲရေး တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူမသည် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများစခန်းရှိ အမျိုးသမီးများအတွက် ပြုလုပ်သော ခေါင်းဆောင်မှုသင်တန်းတွင် စိတ်အားထက်သန်စွာနှင့် အပြည့်အဝ ပါဝင်လုပ်ဆောင်သူ



*" ခေါင်းဆောင်တစ်ယောက်အနေဖြင့် အလုပ်နဲ့သက်သေပြရမှာဘဲ"*

**လုဆန်**
**ကချင်**




လုဆန်နှင့် သူမ၏ဘောလုံးအသင်းသည် အားကစား ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေပုံ။

တစ်ဦးဖြစ်သည်။ လုဆန်နှင့် အခြား *She Leads* သင်တန်းသူ ၃ ဦးကို သင်တန်းပံ့ပိုးသူအဖြစ် ရွေးချယ်ကာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နှင့် ပိုင်းမော်မြို့များမှ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်း ၉ ခုတွင် နေထိုင်ကြသည့်အမျိုးသမီး ၃၄ ဦးအတွက် အမျိုးသမီးခေါင်းဆောင်မှုသင်တန်းကို မော်ဂျူးလ် နှစ်ခုခွဲ၍ ပြုလုပ်ပေးခဲ့သည်။

*"She Leads သင်တန်းသူတစ်ဦးအနေဖြင့်ယခုကဲ့သို့ပါဝင်လုပ်ဆောင်ရခြင်းမှာပထမအကြိမ်ဖြစ်ပြီး ဒီလိုမျိုး နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းများမှ အမျိုးသမီးများအတွက်သင်တန်းပြုလုပ်ရာမှာ ပံ့ပိုးကူညီသူ အဖြစ်ဆောင်ရွက်ရလို့တကယ်ဘဲကျေနပ်နှစ်သက်မိပါတယ်။ ဒီလိုမျိုး လုပ်ဆောင်နိုင်ဖို့ ရောင်ခြည်သစ်နဲ့ IFES အဖွဲ့တွေဆီက အများကြီးကူညီအားပေးမှုတွေနဲ့ စိတ်ဓာတ်ခွန်အားရရှိစေခဲ့ပါတယ်။ ကျွန်မ နောက်မှာ သူတို့တွေအမြဲရှိတယ်လို့ခံစားရတယ်။ ကျွန်မအနေနဲ့တာဝန်ယူ*

*သင်ကြားပေးရတဲ့ ခေါင်းဆောင်မှုနဲ့ဆိုင်တဲ့ သင်ခန်းစာအပေါ် မှာအများကြီးစိုးရိမ်စိတ်ဖြစ်မိခဲ့တယ်။ ဒါပေမယ့် ကျွန်မ ကောင်းကောင်းလုပ်နိုင်ခဲ့တယ်။ အဲဒီအတွက်လည်း အရမ်းဘဲ ဂုဏ်ယူပါတယ်။"*

မူလက လုဆန်သည် ကချင်ပြည်နယ်၊ ဝိုင်းမော်ခရိုင်၊ ဂျာပိုကျေးရွာတွင်နေထိုင်ခဲ့ပြီး ၊ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူစခန်းတွင် ၎င်း၏မိသားစုနှင့်အတူ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်မှာ ၈ နှစ်ရှိပြီဖြစ်သည်။ သူမအနေဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများစခန်းတွင် နေထိုင်ကြသည့် အမျိုးသမီးများအတွက် အမျိုးသမီး ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းသည် အလွန်လိုအပ်ပြီး၊ ဆက်စပ်မှုလည်းရှိသည်ဟု ခိုင်မာစွာ ယုံကြည်ထားသည်။နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် နေထိုင်ကြသူအများစုသည် ကျေးလက်ဒေသမှ လာရောက်ကြသူများဖြစ်သည်ဟု သူမက ရှင်းပြသည်။ စခန်းတွင်နေထိုင်သူများအနေဖြင့် ယခုအချိန်တွင် မြစ်ကြီးနားမြို့ပေါ်၌ နေထိုင်ကြသူများနှင့် ထိတွေ့ဆက်ဆံမှုများလုပ်ရပြီး သင်တန်းတွင် သင်ကြားရသည့် စွမ်းရည်များနှင့် ဗဟုသုတများသည် ထိုသို့ ဆက်ဆံရန်အတွက် အလွန်ပင်အသုံးဝင်သည်။

*"ကျွန်မအနေနဲ့ ကျွန်မတို့ရဲ့သင်တန်းသူတွေကို အခြားသင်တန်းတက်ရောက်တာလည်းမြင်ဖူးပါတယ်။ ကျွန်မ အကဲခတ်မိတာက သူတို့တွေအခုဆိုရင် အရမ်းဘဲ တက်ကြွလာကြပြီး၊ ယုံကြည်ချက်တွေ ရှိလာတာမြင်ရပါတယ်။ ပြီးရင် အဖွဲ့နဲ့လုပ်ဆောင်တာတွေ၊ အများရှေ့မှာရပ်ပြီးစကားပြော တာလည်းတွေ့ရတယ်။ သင်တန်း မော်ဂျူးလ်-၁ မတိုင်ခင်ကတော့ သူတို့တွေဟာ အများရှေ့မှာစကားပြောဖို့ယုံကြည်ချက်မရှိခဲ့ကြဘူး။ အခုတော့သူတို့တွေလုပ် နိုင်ကြပြီ။"*

လုဆန်သည် ပင်ကိုယ်အားဖြင့် ဦးဆောင်မှုစွမ်းရည်ရှိပြီးသား ဖြစ်သော်လည်း *She Leads* သင်တန်းတွင် ပါဝင်ခွင့်ရခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိခဲ့သည်။ *She Leads* သင်တန်းမတက်ခင်က သူမအနေဖြင့် အခြားသော သူများကိုလွှမ်းမိုးလိုစိတ်ရှိပြီး၊ အခြားသူများ၏ပြောဆိုမှုများကို နားထောင်လိုခြင်း အားနည်းခဲ့ကြောင်းနှင့် သင်တန်းတက်ပြီးနောက်တွင် မိမိကိုယ်ကိုပြန်လည်သုံး သပ်ခြင်းများကို လုပ်ဆောင်ခဲ့ပြီး၊ ပြုပြင် ပြောင်းလဲသင့်သည်၊ အလုပ်လုပ်ကိုင်ရာတွင် တိုးတက်ရန် လိုအပ်သည်များကို ပြောင်းလဲ လုပ်ဆောင်နိုင်ခဲ့သည်။

*"ကျွန်မ She Leads သင်တန်းမတက်ခင်က ဆုံးဖြတ်ချက်ချမှတ်တဲ့လုပ်ငန်းစဉ်တွေမှာ အခြားသူတွေကို ပါဝင်ခွင့်မပေးခဲ့ဘဲ၊ ကျွန်မတစ်ယောက်တည်းဘဲ ဆုံးဖြတ်ခဲ့တယ်။ ဒီလိုဆုံးဖြတ်ချက်ချမှတ်တဲ့အခါ အမြဲတမ်းတော့ အောင်မြင်မှုမရခဲ့ဘူး။ အခုတော့ ကျွန်မအနေနဲ့ အဖွဲ့အတွင်းမှာဖြစ်ဖြစ်၊အခြားသူတွေနဲ့ဖြစ်ဖြစ်ဆွေးနွေးလုပ် ဆောင်ရန် လိုအပ်တာကို သဘောပေါက်လာတယ်။ ကျွန်မအခုဆိုရင် အခြားသောသူတွေရဲ့ ထင်မြင်ချက်တွေ၊ အတွေးအခေါ်တွေကို ယူပြီး အများသဘောတူညီမှုနဲ့ အောင်မြင်စွာ လုပ်ဆောင်လာနိုင်တယ်။*

လုဆန်အနေဖြင့် *She Leads* သင်တန်းတွင် သင်ကြားခဲ့ရသည့်အရာများကို ၎င်းတာဝန်ယူဆောင်ရွက် နေရသည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူစခန်း၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် လုပ်ဆောင်ရာတွင် လက်တွေ့ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲနေကြသည်ကို ဟန့်တားနိုင်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ စခန်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကို ဖယ်ရှားနိုင်ခဲ့သည်။ အခြားဥပမာတစ်ခုအနေဖြင့် ၎င်းသည် အဖွဲ့ဖြင့်ပြုလုပ်ရသည့် အခမ်းအနားနှင့် စခန်း လုပ်ဆောင်ချက်များအဖြစ် ဘောလုံးအားကစားပြိုင်ပွဲများကို ပြုလုပ်ပေးခဲ့သည်။ ထိုသို့ပြုလုပ်ပေးခြင်းအားဖြင့် နီးကပ်စွာနေထိုင်ကြ သူများအကြား ဖြစ်လေ့ဖြစ်ထရှိသည့် အဆင်မပြေမှုများကို လျော့ချပေးနိုင်သည့်အပြင် အမျိုးသမီးများအား အဖွဲ့ဖြင့်လုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရနိုင်ကြောင်းနှင့် မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိလာကြောင်းကို ပြသနိုင်ခဲ့သည်။

လုဆန်၏ သင်တန်းတွင် ပံ့ပိုးကူညီသူအဖြစ် ပါဝင်ခဲ့ခြင်းသည် သူမ၏ ပင်ကိုစိတ်ဆန္ဒတစ်ခုကို ဖြည့်ဆည်းရာရောက်ခဲ့သည့်အပြင် အနာဂတ်တွင် သူမဖြစ်ချင်သည့်အရာဖြစ်သည်။ သူမကပြောကြားသည် မှာ -

*"ကျွန်မအနေနဲ့ စာသင်ကြားခြင်းနှင့် အသိပညာဗဟုသုတ မျှဝေခြင်းကို အရမ်းစိတ်ဝင်စားပါတယ်။ အခုနေရပ် စွန့်ခွာသူများရွှေ့ပြောင်းစခန်းကို မရောက်ခင်က မူလတန်းကျောင်းမှာ ၁၀ နှစ်နီးပါးလုပ်ကိုင် ခဲ့ပါတယ်။ အခု She Leads ကြောင့် သင်တန်းပံ့ပိုးသူဖြစ်လာရတယ်။ ကျောင်းဆရာမပြန်ဖြစ်သွားတယ်။"*

# ၈. ကျား/မရေးရာအခြေပြုအကြမ်းဖက်မှု

ဝင်းသော်တာဆွေသည် အသက် ၁၃ နှစ်အရွယ်တွင် ၁၉၈၈ အရေးအခင်း၌ ပါဝင်လှုပ်ရှားခဲ့စဉ်ကတည်းက တရားမျှတမှုကိုပြင်းပြစွာ လိုလားတောင့်တခဲ့သူဖြစ်သည်။ ၎င်း၏တရားမျှတမှုအတွက် ခံစားရသည့် စိတ်ခံစားမှုသည် သူမဖခင်၏ လွှမ်းမိုးမှုကြောင့် များစွာ သက်ရောက်မှုရှိကြောင်း သူမက ရှင်းပြသည်။

*"ကျွန်မ အကြမ်းဖက်ခံရတဲ့သူတွေအတွက်မျှဝေခံစားနိုင်တယ်။ ကျွန်မအမြဲတမ်းတွေးတာက ဒီနေရာမှာ ငါဆိုရင်ကော၊ ငါ့မိသားစုဆိုရင်ကော ဆိုတာဘဲ။ ကျွန်မကို လူသားဆန်မှုစိတ်ဓာတ်က စေ့ဆော်ပေးတာဘဲဖြစ်တယ်။"*



**ဝင်းသော်တာဆွေ၊ ရှမ်းပြည်(တောင်ပိုင်း)**




ကမ်ပိန်းဓာတ်ပုံရိုက်ကူးမှုအစီအစဉ်တွင်ရှမ်းပြည်နယ်တောင်ပိုင်း လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းမျိုးမြင့်နှင့်အတူ ပုံပိုးပါဝင်နေစဉ်

*"ကျွန်မရဲ့ ဖခင်ကတော့ ကျွန်မအတွက် သူရဲကောင်းပါ။ သူကလူတွေကို အတွေးအခေါ်အရ သိမ်းသွင်းခြင်းတွေ မလုပ်ဘဲ တန်းတူညီမျှမှုကိုယုံကြည်သူဖြစ်တယ်။ သူက ကျွန်မဘာဘဲပြောပြော ခွင့်ပြုတယ်။ ကျွန်မအဖေက ကျွန်မကို ၂၀၁၀ မှာရွေးကောက်ပွဲဝင်ခိုင်းတယ်။ ကျွန်မ ဖက်ဒရယ်ပြည်ထောင်စုပါတီကနေ ဝင်ပြိုင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မအားမလိုအားမရတွေ အရမ်းဖြစ်ပြီး ပြောင်းလဲမှုတွေ အများကြီးလုပ်ဆောင်ရန် လိုအပ်လို့ဘဲဖြစ်တယ်။"*

သူမ၏နိုင်ငံရေးဦးတည်ချက်သည် ၂၀၁၆ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းအမျိုးသမီးများကွန်ယက်မှ *She Leads* သင်တန်းတက်ရောက်ရန်အကြံပြုခဲ့ရာမှ ပြောင်းလဲခဲ့သည်။ သင်တန်းကာလအတွင်း သူမသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များမှ အမျိုးသမီးများနှင့် တွေ့ဆုံခွင့်ရခဲ့ပြီး ရပ်ရွာအတွင်းတွင် အလေးထားလုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့သည်။ *She Leads* ကိုအားကျစိတ်ဖြစ်ပေါ်ပြီး လူ့အခွင့်အရေးအတွက် ဥပဒေအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းကာ တောင်ကြီးမှ ပြည်သူများအတွက် ဒေသရေးရာ ကိစ္စရပ်များကို တင်ပြကြရန်အတွက် ဖေ့စ်ဘုတ် (Facebook) အကောင့် ဖွင့်လှစ်ခဲ့သည်။ အဖွဲ့တွင် ရှေ့နေတစ်ဦးနှင့် ဝန်ထမ်း ၇ ဦး တို့သည့် စေတနာ့ဝန်ထမ်းများဖြင့် လုပ်ဆောင်နေကြသည်။

ဝင်းသော်တာဆွေနှင့်အဖွဲ့တို့ အဓိကထားလုပ်ဆောင်ပေးနေသည့်အကြောင်းအရာမှာ ကျား/မရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရမှု တို့ဖြစ်သည်။ ထိုအကြောင်းအရာမှာ ဝင်းသော်တာဆွေ၏ နှလုံးသားနှင့်နီးစပ်သည့်အရာဖြစ်ကြောင်းကို ရှင်းပြသည်မှာ -

*"ကျွန်မငယ်ငယ်ကတည်းက ကျား/မရေးရာအသုံးအနှုန်းအရ ကျွန်မဟာ နှုတ်နဲ့စော်ကားတာတွေ၊ ထိပါးနှောင့်ယှက်တာတွေခံခဲ့ရတယ်။ ဒါတွေကမမှန်ကန်ဘူး။ လူတွေသိဖို့လိုတာက အားလုံးဟာတန်းတူ အခွင့်အရေးရှိတယ်ဆိုတာကိုပါ။ ကျွန်မဒါအတွက်လုပ်ဆောင်သွားမှာပါ။"*

၂၀၁၈ ခုနှစ် မေလတွင် ၎င်း၏အိမ်နီးချင်း၊ ဆင်းရဲသည့်မိသားစုမှ အသက် ၆ နှစ်အရွယ်မိန်းကလေး မုဒိမ်းကျင့်ခံရသည့်အမှုတွင် ပါဝင်လုပ်ဆောင်ပေးခဲ့သည်။ ထိုမိန်းကလေးငယ်နှင့် မိသားစုအတွက် တရားမျှတမှုရရှိရန်အတွက် အမှုစစ်ဆေးနေသည့်ကာလတစ်လျှောက်လုံး လိုအပ်သည့် သက်သေခံစာရွက်စာတမ်းများရရှိရန်နှင့်  သက်ဆိုင်ရာအာဏာပိုင်များမှ တာဝန်ခံလုပ်ဆောင်မှုရှိစေရန် ကူညီလုပ်ဆောင်ပေးခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် အဓိကမဟာဗျူဟာတစ်ရပ်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များမှ မိန်းကလေးငယ်၏မိသားစုကို ကူညီပံ့ပိုးကြရန် စည်းရုံးလှုံ့ဆော်ခြင်းနှင့် သတင်းမီဒီယာများမှ အဆိုပါကိစ္စကို ထည့်သွင်းရေးသားပေးကြရန် စေ့ဆော်ပေးခြင်းတို့ဖြစ်သည်။ ပြစ်မှုကျူးလွန်သူမိသားစုမှ အမှုကိုရုပ်သိမ်းပေးရန် ဖိအားပေးမှုများ ရှိခဲ့သော်လည်း ၎င်းအနေဖြင့် ကလေးငယ်မိသားစုကို တောင့်ခံထားကြရန်နှင့် ဆက်လက်ဆောင်ရွက်ကြရန် အားပေးခဲ့ရသည်။

*"မြန်မာနိုင်ငံမှာမုဒိမ်းမှု နှင့် သက်ငယ်မုဒိမ်းကျင့်ခံရမှုတွေ အရမ်းများနေတယ်။ အခု မုဒိမ်းကျင့် ခံရတဲ့ကလေးငယ်ရဲ့မိသားစုလိုဘဲ လူတွေအများအပြားဟာ ဆင်းရဲကြပြီး စာမတတ်မြောက်ကြဘူး။ သူတို့တွေက ဥပဒေကိုမသိကြဘူး။ ခုခံနိုင်တဲ့အင်အားမရှိကြဘူး၊ ပိုက်ဆံနည်းနည်းပေးတာနဲ့ အမှုကိုကျေအေးလိုက်ကြတယ်။ အခုဒီမိန်းကလေးရဲ့မိသားစုကိုလည်း ကျူးလွန်သူမိသားစုက ငွေကျပ် သိန်း ၂၀ ပေးဖို့ကမ်းလှမ်းတယ်။ သူတို့ကငြင်းဆန်ခဲ့တယ်။ ကျွန်မက ကလေးမိသားစုတွေကို ဒီအမှုက အရမ်းကိုအလေးအနက်ထားရမှာဖြစ်တယ်။ သမီးကလေးရဲ့တရားမျှတမှုရရှိဖို့အတွက် မိသားစုတွေက ရှေ့ဆောင်လမ်းပြ ကြိုးပမ်းပေးရမှာဖြစ်တယ်။ လက်လျှော့စရာမလိုဘူး။ ကျွန်မ သူတို့မိသားစုဖက်ကရပ်တည်ပြီး လုပ်ဆောင်ပေးတဲ့အတွက် သူတို့တွေက ကျွန်မကို ယုံကြည်ကြတယ်။"*

ကျူးလွန်ခံရသည့် မိန်းကလေးငယ်မိသားစု၏ သတ္တိရှိမှု၊ ဝင်းသော်တာဆွေ၏ လုပ်ဆောင်ချက်အပေါ်တွင် ယုံကြည်မှုနှင့် အခြားသောသူများ၏ ပံ့ပိုးမှုများကြောင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် တရားရုံးမှ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

# ဃ. ရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦး ဖြစ်လာခြင်း

အပြိုင်အဆိုင် မဲဆွယ်စည်းရုံးမှုများ အပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၉ ရက် (တနင်္လာနေ့ ) မနက်တွင် တံတားဦးမြို့နယ်အတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် မဲပေါင်း ၄၉၅၅၉ မဲဖြင့် ရွေးချယ်တင်မြှောက်ခံရကြောင်းကို စိုးနွယ်အေး ကြားသိခဲ့ရသည်။ ဘဝတစ်လျှောက်လုံး နိုင်ငံရေးတွင် မြုပ်နှံခဲ့ခြင်း၊ ခက်ခဲမှုများ ကြားက ကြိုးစားခဲ့ရခြင်း နှင့် နိုင်ငံတော်အဆင့်တွင် သူမ၏ မဲဆန္ဒရှင်များ အတွက် ကိုယ်စားပြုလုပ် ဆောင်လိုစိတ် ပြင်းပြခြင်းတို့၏ ရလဒ်မှာ သမိုင်းဝင်ရွေးကောက်ပွဲတွင် ရရှိခဲ့သည့် သူမ၏ အောင်နိုင်မှု ပင်ဖြစ်သည်။

*"ကျွန်မရဲ့ မြို့နယ်အတွက် အများကြီး လုပ်ပေးချင်ပါတယ်။ လုပ်စရာတွေကလည်း အများ ကြီး ရှိနေ ပါတယ်။ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာလည်း တိုးတက် ဆောင်ရွက်ဖို့ လိုနေသလို၊ လမ်းတွေကလည်း မကောင်းသေး ပါဘူး။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်လာဖို့ကို ဦးတည်ပြီး ကျွန်မ လုပ်ဆောင်သွားချင်ပါတယ်။"*

**ဒေါ်စိုးနွယ်အေး၊**
**မန္တလေးတိုင်းဒေသကြီး**





စိုးနွယ်အေးမှ ရွေးကောက်ပွဲအောင်ပွဲခံနေပုံ

စိုးနွယ်အေးသည် ငယ်စဉ်ကတည်းက နိုင်ငံရေး နှင့် ခေါင်းဆောင်မှုတို့တွင် စိတ်ပါဝင်စားခဲ့သည်။ သူမ ပြောပြသည်မှာ

*"ငယ်ငယ်တုန်းက ကျွန်မ အမေက ရွာသူကြီးတွေအကြောင်းကို ကျွန်မ ကို ပြောပြခဲ့တာကို မှတ်မိပါသေး တယ်။ ကျွန်မ၏ မောင် ၄ ယောက်နှင့် ကစားပြီဆိုရင်လည်း ကျွန်မကပဲ ခေါင်းဆောင်လုပ်တာ။ မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်တွေအကြောင်းကိုလည်း ကျွန်မ အရမ်းစိတ်ဝင်စားခဲ့တယ်။ သူတို့ အကြောင်းကို လည်း ကျွန်မ မိဘတွေကို အမြဲမေးခဲ့တယ်။"*

မွေးချင်း ၄ ယောက်တွင် အကြီးဆုံးဖြစ်သည့် စိုးနွယ်အေးသည် ဇီဝဗေဒဘာသာရပ်ကို လေ့လာခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် မဟာဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက်တွင် မိဘများ၏ လက်ငုတ်လက်ရင်းဖြစ်သော ဖျာလုပ်ငန်း ကို သူမ၏ ရွာတွင် လုပ်ကိုင်ခဲ့ပြီး ၊ လုပ်ငန်းစီမံခန့်ခွဲသည့် ကဏ္ဍတွင် တာဝန်ယူလုပ်ကိုင်ခဲ့သည်။

သူမ ငယ်စဉ်ကတည်းက ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတို့ တွင် စိတ်ဝင်စားမှုများမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တွင် ပါတီကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေချိန်တွင် ၂၀၁၂ ခုနှစ်၌ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအဖြစ် ဝင်ယောက်ယှဉ်ပြိုင်ရန် စတင် စိတ်ဝင်စားခဲ့သည်။ ထို့နောက် ၂၀၁၃ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လူငယ်များဖွံ့ ဖြိုးရေး လှုပ်ရှားမှုတွင် အဖွဲ့ ဝင်ဖြစ်လာခဲ့သည်။ ၂၀၁၅ ခုနှစ် တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ် လောင်းအဖြစ် လျှောက်ထားရန် ဆုံးဖြတ်ခဲ့သည်။

*"အမျိုးသမီးတွေနဲ့ လူငယ်တွေအတွက် ကျွန်မ စံပြပုဂ္ဂိုလ်တစ်ယောက် ဖြစ်ချင်ပါတယ်။ နိုင်ငံတော်အဆင့် နိုင်ငံရေးမှာ ကျွန်မပါဝင်လုပ်ဆောင်ချင်ပါတယ်။ ဒီလိုလုပ်ချင်ရတာက အကျင့်ပျက်ခြစားမှုနဲ့ လိမ်လည် လှည့်ဖျားမှုတွေကို ဆန့်ကျင်ဖို့ ပါ။ ကျွန်မရဲ့ မဲဆန္ဒရှင်ပြည်သူတွေအတွက် တာဝန်ခံမှုရှိချင်ပါတယ်။"*

မန္တလေးတွင် ပြုလုပ်သော She Leads သင်တန်းတွင် တက်ရောက်ခဲ့ခြင်းသည် သူမအတွက် များစွာ အထောက်အကူဖြစ်ခဲ့ပါသည်။ သင်တန်း၏ စွမ်းရည်မြင့်တင်ပေးမှုကြောင့် သူမအနေဖြင့် ခွန်အားများ ရရှိခဲ့သည်။ *She Leads* သည် သူမအတွက် မိမိကိုယ်ကိုယုံကြည်မှု၊ လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရန် လိုအပ်သည့် စိတ်အားထက်သန်မှုများကို ပေးခဲ့သည်။

*"She Leads သင်တန်းဟာ ကျွန်မကို အများကြီးပေးခဲ့တာပါ။ ကိစ္စရပ်ပေါင်းများစွာကို စဉ်းစားဖြစ်လာအောင် သင်တန်းက လုပ်ပေးနိုင်ခဲ့တယ်။ အမျိုးသမီးတွေဟာလည်း အမျိုးသားတွေနည်းတူ လုပ်ကိုင်နိုင်စွမ်းရှိပါလား၊ တစ်ခါတစ်ရံမှာ ပိုပြီးတောင် ကြိုးပမ်းဆောင်ရွက် နိုင်ပါလား ဆိုတာကို လေ့လာခဲ့ရတယ်။ ဒါကို လက်တွေ့ပြချင်ပါတယ်။ သင်တန်းမှာပါဝင်တဲ့ အကြောင်းအရာတွေထဲကမှ ရွေးကောက်ပွဲနှင့် ခေါင်းဆောင်မှု ဆိုင်ရာ အရည်အသွေးတွေက အသုံးဝင်လှပါတယ်။ ဒါပေမယ့် အရေးကြီးဆုံး အချက်ကတော့ ကျွန်မရဲ့ စိတ်သဘောထား ခံယူချက်ကို ပြောင်းလဲနိုင်အောင် ကူညီပေးခဲ့တဲ့ အချက်ပါပဲ။*

စိုးနွယ်အေးသည် ကျေးရွာပေါင်း ၁၆၄ ရွာသို့ သွားရောက်ကာ ရက်ပေါင်း ၃၈ ရက်တိုင် မဲဆွယ်စည်းရုံးခဲ့သည်။ သင်တန်းမှ ရရှိခဲ့သော အများပြည်သူရှေ့ စကားပြောဆိုခြင်းဆိုင်ရာ အရည်အသွေးများသည် သူမ၏ မဲဆွယ်စည်းရုံးမှုအတွင်း ပညာရေးအားနည်းသူများ၊ လယ်ယာလုပ်ကိုင်ကြသူများ ဖြစ်ကြသည့် မဲဆန္ဒရှင်များကို ဟောပြောရာတွင် များစွာအထောက်အကူဖြစ်စေခဲ့သည်။ မဲဆွယ်စည်းရုံးမှု သတင်း စကားကို ရိုးရိုးရှင်းရှင်းပုံစံဖြင့် ဟောပြောခဲ့ပြီး ၎င်းအနေဖြင့် ပေးအပ်လာသော တာဝန်များကို အလေးထားဆောင်ရွက်မည်ဖြစ်ပြီး မဲဆန္ဒရှင်များအပေါ် တာဝန်ခံမည်ဖြစ်ကာ၊ မဲဆန္ဒရှင်များ၏ အကျိုးစီးပွါးအတွက် တတ်စွမ်းသမျှ ကြိုးစားလုပ်ကိုင်သွားပါမည်ဟု ပြောကြားခဲ့သည်။

*"ရွာသူရွာသားတွေရဲ့ စကားသံတွေကို ကျွန်မနလုံးသာနှင့် နားထောင်ခဲ့ပါတယ်။ သူတို့ ရဲ့ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်တဲ့အခါ အဲဒီစကားသံတွေကို အမြဲသတိရနေမှာ ဖြစ်ပါတယ်။"*

# င. ရွေးကောက်ပွဲ

ရှိစီသည် မူဆလင်အမျိုးသမီးတစ်ဦးဖြစ်ပြီး ပဲခူးမြို့ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သည့် ရပ်ကွက်တွင် နေထိုင်သူ တစ်ဦးဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီဖြစ်စဉ်၊ အထူးသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်လုပ်ဆောင်လိုသည့် ပြင်းပြသောစိတ်ဆန္ဒရှိကြောင်းကို ဖွင့်လှစ်ပြသထားသည့် သူတစ်ဦးဖြစ်သည်။ အရင်တုန်းကသူမသည်ထိုကဲ့သို့မဟုတ်ကြောင်းကို ရှိစီက ပြောပြသည်မှာ -

*"ကျွန်မ မဲတစ်ပြားရဲ့ တန်ဖိုးကိုသိလာတယ်။ မဲတစ်ပြားစီတိုင်းဟာ ကျွန်မတို့ရဲ့ဘဝ၊ ရပ်ရွာနဲ့ နိုင်ငံတော် အတွက် အပြောင်းအလဲ ဖြစ်စေနိုင်တယ်"*



**ရှိစီ၊
ပဲခူးတိုင်းဒေသကြီး**



ရှိစီမှ မဲဆန္ဒရှင် ပညာပေးခြင်းလုပ်ငန်း များပြုလုပ်နေပုံ

*"ကျွန်မအနေနဲ့ ၂၀၁၅ ခုနှစ်မတိုင်ခင်ကနဲ့ She Leads သင်တန်းမတက်ရခင်က ရွေးကောက်ပွဲအကြောင်းကို ဘာမှ မသိတဲ့အပြင် စိတ်လည်းမဝင်စားခဲ့ဘူး။ ဒါပေမယ့် She Leads သင်တန်းတက်တဲ့အခါမှာ ရွေးကောက်ပွဲအကြောင်း၊ လွှတ်တော်အကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းနဲ့ ရွေးကောက်ခံကိုယ်စား လှယ်များ၏အခန်းကဏ္ဍတို့ကိုသင်ယူရရှိခဲ့ပါတယ်။"*

*She Leads* သင်တန်းအပြီး လုပ်ဆောင်ချက် ၂ ခု လုပ်ဆောင်ခဲ့ပြီးနောက် သူမအနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြည့်အဝ စိတ်ဝင်စားမှုရှိလာခဲ့သည်။ သမိုင်းဝင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များကို မဲစာရင်းစစ်ဆေးကြရန်နှင့် မဲပေးမည့်ရက်တွင် မည်ကဲ့သို့ မဲပေးကြရမည်ကို အသိပညာပေးသည့် လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

*"ကျွန်မတို့ တစ်ခြားသောသင်တန်းသူတွေနဲ့ မူဆလင်တွေ နေထိုင်ရာနေရာနဲ့ ချို့တဲ့သူတွေနေထိုင်တဲ့ မြို့ရဲ့ဆင်ခြေဖုံးနေရာတွေကို သွားရောက်ခဲ့ကြပြီး လော်စပီကာနဲ့ တစ်အိမ်တက်ဆင်း မဲပညာပေးလုပ်ငန်း တွေကို လုပ်ခဲ့ကြတယ်။ ကျွန်မတို့ ကျေးရွာတော်တော်များများကို သွားခဲ့ကြပြီး လူ ၅၀၀၀ နီးပါးလောက်ကို မဲပညာပေးလုပ်ငန်း လုပ်ကိုင်နိုင်ခဲ့ကြတယ်။ ကျေးရွာမှာနေထိုင် ကြတဲ့ မူဆလင်တော်တော်များများ ယုံကြည်ချက်မရှိကြတာကြောင့် ရွေးကောက်ပွဲမှာ ပါကြဖို့တွန်းအား ပေးခဲ့ကြရတယ်။ အခြားသောအဖွဲ့အစည်း တွေက ကျွန်မကို ရွေးကောက်ပွဲဖြစ်စဉ်အကြောင်းနဲ့ ပုံစံ တွေဘယ်လိုဖြည့်ရတယ်ဆိုတာကို မေးခဲ့ကြတယ်။ ကျွန်မ ကျေးရွာရွေးကောက်ပွဲကော်မရှင်ရုံးအတွက် တောင်လုပ်ပေးခဲ့သေးတယ်။"*

သင်တန်းတွင် လေ့လာသင်ယူခဲ့ရသည့် အကြောင်းအရာများနှင့် သင်တန်းအပြီးလုပ်ဆောင်ချက်များ လုပ်ခဲ့ပြီး နောက်ပိုင်း ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း လုပ်ငန်းကိုလုပ် ကိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) တွင် အလုပ်လျှောက်ခဲ့ရာ အလုပ်ရရှိ ခဲ့သည်။ အလုပ်အတွက် အင်တာဗျူးဖြေရာ အောင်မြင်မှု ရရှိခဲ့သည်နှင့် ပတ်သက်၍ ရိုစီက ပြောကြားခဲ့ သည်မှာ -

*"She Leads က ကျွန်မကို ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့မှာ အလုပ်ရဖို့အင်တာဗျူးဖြေတဲ့ လုပ်ငန်းစဉ်အတွက် ကူညီခဲ့တာဘဲ။ ကျွန်မကို ဖုန်းနဲ့အင်တာဗျူးနှစ်ကြိမ်မေးခဲ့ရာ ကျွန်မနှစ်ကြိမ်စလုံး ယုံကြည်ချက်ရှိရှိနဲ့ဖြေနိုင်ခဲ့ပါတယ်။ She Leads သင်တန်းမတိုင်ခင်ကတော့ အင်တာဗျူးဖြေရမှာ ကြောက်ရွံ့နေခဲ့ပြီး အင်တာဗျူးမဖြေချင်တာကြောင့် ကိုက်ညီတဲ့အလုပ်မရှိဘဲ နေလာခဲ့တာ ၁၅ နှစ် တောင်ရှိခဲ့ပြီ။ She Leads က ကျွန်မကို ရွေးကောက်ပွဲနှင့် ပတ်သက်သော အသိပညာများကို ပေးခဲ့တယ်။ အဲဒါတွေက မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး အင်တာဗျူးဖြေဆိုရာမှာ ကိုယ့်အကြောင်းကို ရှင်းလင်းစွာ ပြောနိုင်ရန်အတွက်လည်း စွမ်းရည်တွေပေးခဲ့ပါတယ်။"*

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) တွင် ပဲခူးတိုင်းအရှေ့ပိုင်း၏ ညှိနှိုင်းရေးမှူးတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် စောင့်ကြည့်လေ့လာသူအဖြစ်နှင့်လည်း ကောင်း၊ မဲဆန္ဒရှင်များ၏ ဒီမိုကရေစီဆိုင်ရာ မျှော်မှန်းချက်များကို မေးမြန်းထားသည့် စစ်တမ်းကောက်ယူမှုတွင်လည်းကောင်း ပါဝင်လုပ်ဆောင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လေ့လာစောင့်ကြည့်ခြင်း လုပ်ငန်းကို ဒေသခံအဖွဲ့တစ်ဖွဲ့ဖြစ်သည့် သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့ (POPP)အတွက် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့လုပ်ဆောင်ခြင်းများအားလုံးသည် ရိုစီအနေဖြင့် ရွေးကောက်ပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်လာရေးအတွက် ဦးဆောင်လမ်းပြလုပ်ဆောင်နေခြင်းဖြစ်သည့်အပြင် အမျိုးသမီးငယ်များကိုလည်း ခေါင်းဆောင်များဖြစ်လာကြစေရန် လမ်းညွှန်ပြသပေးလျှက်ရှိသည်

*"ကျွန်မအနေနဲ့ လူငယ်အမျိုးသမီးတိုင်းကိုပြောလိုတာက ရွေးကောက်ပွဲအခန်းကဏ္ဍများတွင် ပါဝင် ဆောင်ရွက်ကြပါ။ လူငယ်အမျိုးသမီးတွေရဲ့ စိတ်ထဲမှာ တိုင်းပြည်အတွက် ငါတို့အရေးကြီးတယ်ဆိုတာ ကိုသိဖို့လိုအပ်တယ်။ တကယ်လို့အမျိုးသမီးတွေသာ ဒီလိုအခန်းကဏ္ဍတွေမှာပါဝင်ဆောင်ရွက်နိုင်ကြမယ် ဆိုရင် နောင်မျိုးဆက်တွေအတွက် ပိုကောင်းမွန်တဲ့အရာများ ဖြစ်လာမှာပါ။"*

# စ. အမျိုးသားများ ပူးပေါင်းပါဝင်မှု

ဆရာငို့ဆိုက်ရုန်း သည် ၁၉၉၆ ခုနှစ်ကတည်းက လားရှိုးမြို့ ဝကျေးရွာရှိ "နားဖ" လူမျိုးပေါင်းစုံ '၈' နှစ်ခြင်း သင်းအုပ်ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူသည် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် အားစိုက်ဆောင်ရွက်ပေးသည့် အမျိုးသားရပ်ရွာ ခေါင်းဆောင်တစ်ဦးအဖြစ် ဥပမာပေး စံထားရသူတစ်ဦး ဖြစ်သည်။ အေးအေးမူသည် အသင်းတော်ရှိ တိုင်းရင်းသားလူနည်းစုတစ်ခုမှ ငို့ဆိုက်ရုန်း၏ ပံ့ပိုးမှုဖြင့် *She Leads* အမျိုးသမီးခေါင်းဆောင်မှု သင်တန်းသူတစ်ဦး ဖြစ်လာခဲ့သည်။ သူသည် လူမှုအသိုင်းအဝိုင်းတွင် ခေါင်းဆောင်တစ်ဦးဖြစ်လာစေရန် ကူညီပေးခြင်းနှင့်

*" ဒီအချိန်က ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းအတွက် အရေးကြီးသည့် အချိန်အခါဖြစ်ပါတယ်။ လူထု၏ ပါဝင်မှု အထူးသဖြင့် အမျိုးသမီးများ ပါဝင်ခြင်းဟာ တကယ့်ကို အရေးကြီးတယ်ဆိုတာကို ကျွန်တော်အနေနဲ့ အသိအမှတ်ပြုလက်ခံထားတယ်။ "*



## ငို့ဆိုက်ရုန်း နှင့် အေးအေးမူ
## လားရှိုးမြို့



အေးအေးမူသည် She Leads သင်တန်းတွင် ပါဝင်တက်ရောက်နေပုံ

အိမ်တွင်းအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုနှင့် ဆက်နွယ်သည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့တွင် အေးအေးမူအား ပံ့ပိုးကူညီပေးခဲ့သည်။

ဆရာငို့ဆိုက်ရုန်းသည်၎င်း၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိ အမျိုးသမီးများအား သင်တန်းများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အလမ်းများဖန်တီးပေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍများတွင် အမျိုးသမီးများ၏ပါဝင်မှုနည်းပါးခြင်းကို သတိပြုမိစေကာ အမျိုးသမီးများ ပိုမိုပါဝင်ရန်အားပေးတိုက်တွန်းသည်။ *She Leads* အမျိုးသမီးခေါင်းဆောင်မှုသင်တန်း အကြောင်းကို ရှမ်းပြည်နယ် မြောက်ပိုင်း အမျိုးသမီးများကွန်ရက်မှ ကြားသိခဲ့ပြီး အေးအေးမူအား သင်တန်း

လျှောက်ထားရန် အားပေးခဲ့ရာမှ သူမ ကံကောင်းစွာဖြင့် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်ဟု ရှင်းပြခဲ့သည်။ ဆရာငိုဲ့ဆိုက်ရုန်းမှ အေးအေးမူ သည် *She Leads* သင်တန်းတက်ရောက်ပြီးနောက်တွင် ပြောင်းလဲမှုရှိလာသည်ကို သတိပြုမိခဲ့သည်။

*"သင်တန်းတက်ပြီးနောက်ပိုင်းမှာ သူမ၏ စွမ်းရည်၊ စွမ်းဆောင် နိုင်မှုနှင့်ယုံကြည်မှုတွေ တိုးတက်လာခဲ့တာ ကျွန်တော် သတိပြုမိခဲ့တယ်။ ဒီမိုကရေစီ၊ နိုင်ငံရေးနှင့် ရွေးကောက်ခံကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများကို စတင်ပြောလာခဲ့ပြီး အခြား အမျိုးသား၊ အမျိုးသမီးတွေကိုပါ အဲဒီအကြောင်းတွေကို ပြောရန် တိုက်တွန်းခဲ့တယ်။ လူထုတွေကိုအတူတကွခေါ်ဆောင်လာပြီး အမျိုးသမီး ခေါင်းဆောင်မှုအရေးကြီးတဲ့အကြောင်းကို ပြောပြခဲ့တယ် "*

အေးအေးမူ၏ စွမ်းဆောင်ရည် မြင့်မားလာခြင်းအကျိုးရလဒ်ကို ဆရာငိုဲ့ဆိုက်ရုန်း မှ ဥပမာနှစ်ခုပေး၍ ပြောပြခဲ့သည်။ ဒေသခံ လူထုအတွင်း အိမ်တွင်းအကြမ်းဖက်မှုတစ်ခုဖြစ်ပွားချိန်တွင် အေးအေးမူသည် အခြား *She Leads* သင်တန်းသူနှစ်ဦးဖြစ်သည့် သီတာမြင့် နှင့် မိုးမိုးအေးအား ဆက်သွယ်ခဲ့သည်။ ရှေးဦးစွာ ၎င်းတို့သည် အခြေအနေအား၎င်းတို့ကိုယ်တိုင် ဖြေရှင်းနိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ခံရသူအမျိုးသမီး၏ ခင်ပွန်းမှ ၎င်းတို့အား ခြိမ်းခြောက်လာသည့်အခါ အမှုတိုင်ကြားနိုင်ရန်အတွက် ရဲစခန်းသို့ အကြောင်းကြားပြီး အမှုဖွင့်ခဲ့ကြသည်။ ဒုတိယဥပမာတစ်ခုကတော့ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြီးမားသောအန္တရာယ်ရှိသည့် ဧရိယာအတွင်းရှိ လူငယ်အမျိုးသမီး လေးဦးအား လူကုန်ကူးခံရမှု ပြဿနာကို သင်းအုပ်ဆရာ၏ ပံ့ပိုးပေးမှုနှင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပုံကို အေးအေးမူ၏ အဓိက ပါဝင် ဆောင်ရွက်ခဲ့မှုနှင့်ဆက်စပ်ကာ ပြောပြခဲ့သည်။

ဆရာငိုဲ့ဆိုက်ရုန်းသည် အေးအေးမူအနေဖြင့် ထိုကဲ့သို့ လုပ်ဆောင်နိုင်သကဲ့သို့ အခြားအမျိုးသမီးများမှလည်း ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်လာနိုင်ရန် ပံ့ပိုးပေးရန်အတွက် သင်္ချိဳဌာန်ချထားသည်။

*"လူထုအသိုင်းအဝိုင်းတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍ၌ ရောက်ရှိနေသော လူနည်းစုမျိုးနွယ်စုတစ်ခုမှ အမျိုးသမီး တစ်ဦးဖြစ်သည့် အေးအေးမူအတွက် ကျွန်တော်အရမ်းဘဲ ဂုဏ်ယူမိပါတယ်။ ဝလူမျိုးစုအများစုနေထိုင်ရာနေရာ မှာရှိတဲ့ အမျိုးသမီးတွေဟာ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်ရန် ကြောက်ရွံ့ကြပေမယ့် အေးအေးမူကတော့ တမူကွဲပြားတယ်။ အခုဆိုရင် သူမမှာ ယုံကြည်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်တွေ ရှိနေပြီ။ သူမက ကျွန်တော်တို့ လူတွေဆီမှာရှိတဲ့ သမရိုးကျဖြစ်နေတဲ့ သဘောထားတွေနဲ့ ကျွန်တော်တို့လူ့အဖွဲ့အစည်း ကောင်းမွန်လာဖို့ရာအတွက် လူငယ်မျိုးဆက်သစ်တွေကို ပြောင်းလဲနိုင်မယ့် သူတစ်ဦးဖြစ်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ နောက် ပြီး ကျွန်တော်တို့ရဲ့ လူထုအသိုင်းအဝိုင်းမှာ အေးအေးမူတွေ အများအပြား ပေါ်ပေါက်လာမယ်လို့ မျှော်လင့်မိပါတယ်။ "*

# ဆ. အားလုံးပါဝင်ခြင်း

တင်နွယ်ဦးသည် အပတ်စဉ် ရိုက်ကူးနေသည့် လက်သင်္ကေတ ဘာသာစကား အပိုင်းသစ်တစ်ခုကို ရိုက်ကူး ပြီးစီးခဲ့သည်။ ယခုအပတ်တွင် အကြားအာရုံချို့ ယွင်းသော ကလေးငယ်တစ်ဦးအား ကလေးလုပ်သားအဖြစ် ခိုင်းစေသည့် အကြောင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသည်။ သူမသည် iSchool Myanmar အတွက် အစီအစဉ် တက်ဆက်မှုတွင်လည်း မကြာခဏလုပ်ကိုင်လျက်ရှိသည်။ I-School Myanmar သည် မသန်စွမ်းသူများအနေဖြင့် နည်းပညာအသစ်များကို ညီမျှစွာ အသုံးပြုနိုင်စေရန် အွန်လိုင်း အသိုက်အဝန်းတစ်ခု ဖန်တီးထောက်ပံ့ပေးသည့် အစိုးရမဟုတ်သည့် ပြည်တွင်း အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ တင်နွယ်ဦးသည် မြန်မာနိုင်ငံရှိ အကြားအာရုံမသန်စွမ်းသော တက်ကြွလှုပ်ရှားသူများထဲမှ ဦးဆောင်သူ တစ်ဦးလည်းဖြစ်သည်။

*"မသန်စွမ်း အမျိုးသမီးတွေကို ကျွန်မ အားပေး တိုက်တွန်းချင်တယ်။ အိမ်ထဲမှာချည်းဘဲ မနေပါနဲ့၊ ပြင်ပကို ထွက်ပြီး အမျိုးသမီး၊ အမျိုးသားတွေနဲ့ အတူလက်တွဲ လုပ်ဆောင် ပြီးတော့ မိမိတို့၏ အသံတွေကို မြှင့်တင်ကြပါ။ ဒီနည်းလမ်းက ကျွန်မတို့တွေ မသန်စွမ်းသူ တွေအတွက် တန်းတူအခွင့်အရေးများ ရရှိ အောင် လုပ်ဆောင်နိုင်မှာဖြစ်တယ်။"*



**တင်နွယ်ဦး၊ ရန်ကုန်မြို့။**



တင်နွယ်ဦးသည် ရန်ကုန်မော်တော်ယာဉ်လိုင်းတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် မှတ်တိုင် လမ်းညွှန်အား တီဗွီတွင်ပြသခြင်းအား အောင်မြင်စွာစ ည်းရုံးတိုက်တွန်းနိုင်ခဲ့သည့် ရလဒ်အနေဖြင့် တွေ့ရှိရပုံ။

သူမသည် အသက် ၈ နှစ်အရွယ်တွင် အကြားအာရုံချို့ ယွင်းသွားခဲ့သည်။ *She Leads* သင်တန်း အစီအစဉ်ကို တက်ရောက်ပြီးနောက်တွင် သူမ၏ ဘဝသည် သိသိသာသာ ပြောင်းလဲမှုရခဲ့ သည်။ ၎င်းသည် ခေါင်းဆောင်မှုမိတ်ဆက်အစီအစဉ်ကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမတိုင်မီတွင် သူမသည် *She Leads* အမျိုးသမီးခေါင်းဆောင်မှုမိတ်ဆက် အခြေခံသင်တန်းကို တက်ရောက်ခဲ့သည်။ ယခင်က လူအများရှေ့တွင် စကားပြောရန်ကြောက်ရွံ့နေခဲ့သော် လည်း သင်တန်းမှသင်ယူလေ့လာခဲ့ရသော လူအများရှေ့စကားပြောခြင်းနှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အခန်းကဏ္ဍများ သိလာခဲ့ပြီးနောက်တွင် အကြားအာရုံမသန်စွမ်းသူ လူဦးရေ ၁၀၀ ကျော်ခန့် အား ဆန္ဒမဲပေးခြင်းတွင် ပါဝင်လာနိုင်စေရန် အားပေးလှုံ့ ဆော်သည့် မဲဆန္ဒရှင်ပညာပေးသင်တန်းကို ပို့ချနိုင်ခဲ့သည်။ သူမသည်

သင်တန်းတက်ရောက်လာသူများအား ရွေးကောက်ပွဲစက်ဝန်း အကြောင်း၊ မဲပေးရန်အတွက် မဲဆန္ဒရှင်စာရင်းတွင်ပါရှိရန် အရေးကြီးပုံနှင့် ရွေးကောက်ပွဲတွင် မည်ကဲ့သို့ မဲပေးရမည်တို့ကို ပို့ချနိုင်ခဲ့သည်။

တင်နွယ်ဦးသည် ၂၀၁၆ ခုနှစ်တွင် ပြုလုပ်သော အမျိုးသမီးခေါင်းဆောင်မှုအဆင့်မြင့်သင်တန်းကို တက်ရောက်ခဲ့သည်။ ထိုအချိန်က သူမသည် အိမ်ထောင်ပြုထားပြီး သုံးလအရွယ်ကလေးမိခင်ဖြစ်ကာ သူမသည် သင်တန်းသို့ကလေးအား ခေါ်ဆောင်လာရန်နှင့် သင်တန်းအတွင်း ကလေးအတွက် လိုအပ်သည့် စောင့်ရှောက်မှုကို ထောက်ပံ့ပေးခဲ့သည့် ရောင်ခြည်သစ်အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောခဲ့သည်။

She Leads သည် သူမအပေါ်တွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ဖြစ်စေခဲ့သည်။ သူမအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပြီး သူမ၏ အလုပ်အကိုင်အတွက်လည်း အထောက်အကူဖြစ်ခဲ့သည်ကိုပြောပြသည်မှာ-

*"ကျွန်မ နှစ်ပေါင်းများစွာ ကြာအောင် အလုပ်မရှိခဲ့ပါဘူး။ သင်တန်းပြီးနောက် iSchool Myanmar မှာ အလုပ်ရရှိခဲ့ပါတယ်။ ကျွန်မ အနေနှင့် အကြားအာရုံမသန်စွမ်းသူဖြစ်နေပေမယ့် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု တိုးလာခဲ့ပြီးအခြားသူတွေနဲ့ ပြောဆိုဆက်ဆံတဲ့ အရည်အသွေးတွေကို တိုးတက်အောင် လုပ်နိုင်ခဲ့ပါတယ်။ သင်တန်းအတွင်းမှာ အခြားသူတွေနဲ့ ဘယ်လိုမျိုး ပြောဆိုဆက်ဆံရမယ်ဆိုတာကို လေ့လာခဲ့ပါတယ်။ အဲဒါကြောင့်ပဲ မန်နေဂျာက ကျွန်မကို ဒီအလုပ်ပေးခဲ့တာပါ"*

iSchool Myanmar တွင်လုပ်ကိုင်နေသော အလုပ်များအပြင် တင်နွယ်ဦးသည် သူမ၏ ခင်ပွန်း အကြားအာရုံမသန်စွမ်းသူ အလုပ်လုပ်ကိုင်နေသောဒေ်ကျောင်းတွင်လည်းအကြားအာရုံမသန်စွမ်းသူများ ရင်ဆိုင်နေရသော ကိစ္စရပ်များနှင့် ပတ်သက်၍ သင်တန်းများ ပို့ချလျက်ရှိသည်။ ထို့အတူ သူမသည် အကြားအာရုံမသန်စွမ်းသူများအတွက် အခွင့်အရေး ရရှိအောင် တိုက်တွန်းနှိုးဆော်လုပ်ကိုင်ရန်စိတ်အားပို၍ထက်သန်လာသည်။

*" ပထမတော့ တိုက်တွန်းနှိုးဆော်မှုတွေ အောင်မြင်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မ နားမလည်ခဲ့ပါဘူး။ ရောင်ခြည်သစ် သင်တန်းတွင် တိုက်တွန်း နှိုးဆော်မှုဆိုတာ ဘာလဲ၊ ဘယ်လိုတွေ အသုံးပြုလုပ်ဆောင်ရလဲဆိုတာကို လေ့လာခဲ့ရပါတယ်။ တိုက်တွန်းနှိုးဆော်မှုဖြစ်စဉ်တစ်ခုလုံးကို ဘယ်လိုအောင်မြင်မှုရရှိအောင် ယုံကြည်မှုအပြည့်ဖြင့် ဘယ်လိုလုပ်ဆောင်သွားရမည်ကို ကောင်းမွန်စွာနားလည်ခဲ့သည်။"*

တင်နွယ်ဦးသည် တိုက်တွန်းနှိုးဆော်မှုသည် အကျိုးရလဒ်များစွာရရှိအောင်လုပ်ဆောင်နိုင်သည်။ ၎င်းမှာ အကြားအာရုံမသန်စွမ်းသူများသည် မိမိတို့ ဆင်းလိုသည့် ကားမှတ်တိုင်များ၌ ဆင်းရမည့်အချိန် နှင့် နေရာကိုသိရှိလာနိုင်ရန် ရန်ကုန်မြို့ရှိ ဘတ်စ်ကားများတွင် အီလက်ထရောနစ် သင်္ကေတများ တပ်ဆင်ပေးရန် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနအား အရေးဆိုနိုင်ခဲ့သည်။

ထို့အပြင် တင်နွယ်ဦးသည် စီးပွားရေးလုပ်ငန်းရှင်များအား အကြားအာရုံမသန်စွမ်းသူများအား အလုပ်ခန့်ထားပေးရန်နှင့် မြန်မာ့အသံ (MRTV) မှ အစီအစဉ်များထုတ်လွှင့်ပြသသည့်အခါ လက်သင်္ကေတဖြင့် ပြသသည့်အရွယ်အစားကို ပိုကြီးပြီးပြသရန် တိုက်တွန်းနှိုးဆော်မှုကိုပြုလုပ်ခဲ့သည်။

# ၉. ရပ်ရွာခေါင်းဆောင်

ကြည်ကြည်ခင်သည် ရပ်ရွာအတွင်း ဦးဆောင်မှုအခန်းကဏ္ဍပေါင်းစုံ၌ ပါဝင်လုပ်ဆောင်လျှက်ရှိသည်။ သူမ သည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ စတင်ဖွဲ့စည်းပေးခဲ့သော ငွေစုငွေချေးလုပ်ငန်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ကျေးရွာ ၁၀ရွာတွင်၊ အဖွဲ့ပေါင်း ၂၂ ဖွဲ့၊ အဖွဲ့ဝင်ပေါင်း ၃၀၀ ခန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် သူမသည် ကလေးများအဟာရဖွံ့ဖြိုးရေးကော်မတီတွင် ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူပြီး ကလေးများ အဟာရတိုက်ကျွေး ခြင်းလုပ်ငန်းကို တိုးတက်မှုများစွာ ရရှိရန်လုပ်နိုင်ခဲ့သည်။ မကြာသေးမီက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး အစိုးရငွေကြေးထောက်ပံ့မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကြီးကြပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်သည်။

*"တကယ်လို့ မြို့နယ်အဆင့်မှာ အမျိုးသမီးခေါင်းဆောင်တွေပိုမိုများလာလို့ရှိရင်၊ နိုင်ငံတော်နဲ့ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွေမှာ အမျိုးသမီးခေါင်းဆောင်တွေပိုများလာဖို့ ဦးတည်သွားမှာဘဲ။ ဒီအရာက ကျွန်မတို့ မြန်မာနိုင်ငံမှာ အမျိုးသမီးခေါင်းဆောင်မှုပိုမိုအားကောင်းလာရန် လုပ်ဆောင်ဖို့နည်းလမ်း ဖြစ်ပါတယ်။"*

## ကြည်ကြည်ခင်၊
## ကယားပြည်နယ်





ကြည်ကြည်ခင်သည် တွဲလက်ညီညီ ကမ်ပိန်းသင်တန်းပြီး လုပ်ဆောင်မှုအား ရပ်ရွာနေ ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်လုပ်ဆောင်နေပုံ

ထိုလုပ်ဆောင်နေသော အရာများအားလုံးကို စိတ်အားထက်သန်မှု နှင့်အတူ စေတနာ့ဝန်ထမ်းအဖြစ် ကျေးရွာဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်နေခြင်းဖြစ်ပြီး၊ ၎င်း၏ရပ်တည် မှုအတွက် ကုန်စုံဆိုင်ငယ်လေးကိုဖွင့် လှစ်ထားကာ၊ အသက် ၁၂၊ ၁၄၊ ၁၇ နှင့် ၂၀ အရွယ်ရှိ သား၊ သမီး ၄ ဦးကို လည်းပြုစုပျိုးထောင်နေသည့် သူဖြစ်သည်။

သူမအနေဖြင့် ထိုအရာများအားလုံးကို လုပ်ဆောင်နိုင်ရန်အတွက် She Leads သင်တန်းမှ အားအင်များ ရရှိခဲ့ခြင်း ဖြစ်သည် ဟုအောက်ပါအတိုင်းပြောကြားထားသည်။

*"ကျွန်မအနေနဲ့ She Leads သင်တန်းမတက်ရောက်ခင်က တစ်စုံတစ်ရာပြဿနာ ရင်ဆိုင်ကြုံတွေ့ရလို့ရှိရင် စိတ်တွေဖိစီးလာပြီး ရပ်တန့်လိုက်ချင်စိတ်ဖြစ်မိတယ်။ သင်တန်းတက်ပြီးတဲ့နောက်မှာ ကျွန်မအနေနဲ့ အားအင်အသစ်တွေရရှိလာပြီး အရာအားလုံးကိုလုပ်နိုင်တယ်လို့ ယုံကြည်ချက်ရှိလာခဲ့တယ်။ ကျွန်မအနေနဲ့ ကျွန်မရဲ့ရပ်ရွာမှာ ခေါင်းဆောင်အဖြစ်လုပ်ဆောင်ရန် စိတ်အားထက်သန်လာတဲ့အပြင် အခြားသောအမျိုးသမီးတွေရဲ့စံပြလည်း ဖြစ်ချင်လာမိတယ်။ အခြားသောအမျိုးသမီးများကိုလည်း ကျွန်မလိုဘဲ ခေါင်းဆောင်မှုတာဝန်ကို ဆောင်ရွက်တဲ့အမျိုးသမီးတွေဖြစ်စေချင်မိတယ်"*

ဌင်းအနေဖြင့် တာဝန်ယူလုပ်ဆောင်နေရသည့်အခန်းကဏ္ဍများတွင် *She Leads* သင်တန်းမှ သင်ယူရရှိခဲ့သည့် အသိပညာဗဟုသုတနှင့် စွမ်းရည်များကိုအသုံးချကာလုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဌင်းနှင့်အတူလုပ်ဆောင်နေသည့်ရပ်ရွာမှလူထုများကို အတူတကွစုရုံးဖိတ်ခေါ်ပြီး သတင်းအချက်အလက်များဝေမျှခြင်း၊ ပြဿနာများ ကိုဖြေရှင်းကြခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ကြခြင်းတို့ပါဝင်သည်။ သင်တန်းတွင်လေ့လာသင်ကြားရသည့် ဘာသာရပ်များသည် အလွန်တန်ဖိုးရှိသည်။ အထူးသဖြင့် ကော်မတီ ၃ ခု၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေရသော သူမအတွက် လူအများရှေ့စကားပြောကြားခြင်း သင်ခန်းစာသည် အလွန်အသုံးဝင်သည်။ *She Leads* သင်တန်းမှ မိမိကိုယ်တိုင် ခေါင်းဆောင်တစ်ဦးအဖြစ် သိလာရန်တွန်းအားပေးခဲ့သည်။ သင်တန်းတက်ပြီးနောက် ခေါင်းဆောင်မှုအခန်းကဏ္ဍများကို တာဝန်ယူဆောင်ရွက်လာရပြီး ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီ နှင့် အစုအဖွဲ့ ၂၂ ခုပါဝင်သည့် ငွေစုငွေချေးအဖွဲ့တွင် ဥက္ကဋ္ဌဖြစ်လာသည်။ ယခုအချိန်တွင် သူမ အနေဖြင့် မိမိကိုယ်ကို ခေါင်းဆောင်တစ်ဦးအဖြစ် ရှုမြင်လာပြီး ထိုကဲ့သို့ခေါင်းဆောင်တစ်ဦး ဖြစ်လာရသည့် အတွက်လည်း အလွန်ပင်ကျေနပ်မိသည်။

*"ကျွန်မကိုခေါင်းဆောင်တစ်ဦးအနေနဲ့ အသိအမှတ်ပြုလာတာကိုအရမ်းဘဲ ဂုဏ်ယူမိပါတယ်။ ကျွန်မကော်မတီ တွေမှာ ဥက္ကဋ္ဌနေရာ ရွေးကောက်ခံခဲ့ရတယ်။ အခြားသူတွေက ကျွန်မရဲ့အကြံဉာဏ်တွေ၊ ယူဆချက်တွေကို လက်ခံလာကြတယ်။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း ရပ်ရွာအကြောင်းအရာများ၊ ပြဿနာများကို အခါအားလျော်စွာ ကျွန်မနဲ့တိုင်ပင်ဆွေးနွေးပြီး၊ ဆုံးဖြတ်ချက်ချမှတ်တဲ့ နေရာတွေမှာပါ ကျွန်မပါဝင်လာရတယ်"*

ကြည်ကြည်ခင်အနေဖြင့် အမျိုးသမီးနှင့် မိသားစုကိစ္စများတွင် ထိုကဲ့သို့ပါဝင်လုပ်ဆောင်ရသည့် အတွက် အလွန်အမင်း ဂုဏ်ယူမှုရှိနေသည်ကို ရှင်းလင်းစွာမြင်ရသည်။ သူမ၏ကြိုးစားအားထုတ်မှုဖြစ်သော ငွေစုငွေချေးလုပ်ငန်း စတင်လုပ်ဆောင်ခြင်းကြောင့် နောက်ထပ်အဖွဲ့ ၇ ဖွဲ့ကို ငွေစုငွေချေးလုပ်ငန်းတွင်ပါဝင်လုပ် ဆောင်စေခြင်းဖြင့် ဌင်းတို့၏မိသားစုများတွင် ဝင်ငွေများတိုးပွားလာပြီး ပိုမိုကောင်းမွန်သည့်ဘဝများကိုပိုင်ဆိုင်ရရှိလာကြသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် အမျိုးသားများသည် ဌင်းတို့အမျိုးသမီးများ၏ဆုံးဖြတ်ချက်များအပေါ်တွင် ယုံကြည်မှုရှိလာကြပြီး၊ ယခုအချိန်တွင် အမျိုးသမီးများသည် ရပ်ရွာ၏ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍများတွင် တက်ကြွစွာဖြင့် ပါဝင်လာကြသည်။

*"ကျွန်မအနေနဲ့ ကျွန်မရဲ့လုပ်ဆောင်ချက်ကြောင့်ဖြစ်ထွန်းလာတဲ့ အသီးအပွင့်တွေကို မြင်ရလို့ အရမ်းဘဲ ဂုဏ်ယူမိပါတယ်။ အခြားသောအမျိုးသမီးတွေကို ဒီလိုအသိပညာဗဟုသုတများပေးခြင်းဖြင့် ဦးဆောင်မှုနေရာကိုရောက်ရှိလာအောင်လုပ်ပေးရတာ ငွေကြေးနှင့်တိုင်းတာလို့မရတဲ့ အလွန်တန်ဖိုးရှိတဲ့အရာတွေပါ။"*

.

# ၅၂. အမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရည်မြှင့်မားရေး

ရောဝတီတိုင်း၊ ပုသိမ်မြို့နှင့် အနည်းငယ်ကွာဝေးသည့်နေရာ၏ လမ်းသွယ်လေးအတွင်းကို သွားရောက်သည့်အခါ ပန်းပျိုးသူ ရုံးကိုတွေ့ရှိရမည် ဖြစ်သည်။ ပန်းပျိုးသူ (အဓိပ္ပါယ်မှာ ပြုစုပျိုးထောင်ခြင်းဖြစ်သည်) အဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် She Leads သင်တန်းသူ ဝင်းမာထွေးနှင့် အခြားသောသင်တန်းသူများ၏ပံ့ပိုးကူညီမှုနှင့် အတူဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ သင်တန်းတွင်လေ့လာသင်ကြားခဲ့ရသည့် အရာများကိုအခြေခံ၍ ရပ်ရွာအတွင်းတွင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းလုပ်ကိုင်ခဲ့ရာမှ ဝင်းမာထွေးအနေဖြင့် ရပ်ရွာအတွင်း အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးအတွက် တစ်စုံတစ်ရာကူညီလုပ်ဆောင်လိုစိတ်ဖြစ်ခဲ့သည်။



*"အမျိုးသမီးတွေ အပိုဝင်ငွေရတဲ့အတွက် သူတို့ တွေရဲ့ ကလေးတွေပညာရေးနဲ့ အိမ်အတွက် လိုအပ်တာ တွေကိုသုံးဖို့ အထောက်အပံ့ဖြစ်တဲ့အတွက် အရမ်းပျော် ကြတယ်"*

**ဝင်းမာထွေး၊
ရောဝတီတိုင်းဒေသကြီး**




ဝင်းမာထွေးသည် She Leads သင်တန်းသူများနှင့်အတူ တွဲလက်ညီညီ သင်တန်းပြီးလုပ်ဆောင်မှုအား ဆောင်ရွက်နေပုံ

*"ပုသိမ်မြို့အနီးတစ်ဝိုက်ရှိ ကျေးလက်တောရွာများမှာနေကြ တဲ့အမျိုးသမီးတွေဟာ နိုင်ငံရေးကိုလည်းစိတ်မဝင်စားဘူး။ သူတို့တွေရဲ့အခွင့်အရေးတွေ ကိုလည်းမသိကြဘူး။ ကျွန်မ အနေနဲ့ ကျွန်မအခုသိလာတဲ့ အရာတွေကို သူတို့ကို သိစေချင်တယ်။ ဒီလိုအလုပ်တွေကို ထိရောက်စွာလုပ်နိုင်ဖို့ က အဖွဲ့အစည်းတစ်ခု တည် ထောင်ဖို့လိုအပ်တယ်ဆိုတာ ကို သဘောပေါက်လာတယ်"*

ပန်းပျိုးသူအဖွဲ့၏ ရည်ရွယ်ချက်မှာ ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးကိုအခြေခံသောတိုင်းဒေသကြီးဖြစ်သည်နှင့်အညီ ထိုဒေသအတွင်းရှိ အမျိုးသမီးများအား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ပါဝင်လုပ်ဆောင်မှု ပိုမိုများပြားလာစေရန်အတွက် အဓိကထားလုပ်ဆောင်သည့် အဖွဲ့ဖြစ်သည်။ နိုင်ငံတကာအဖွဲ့တစ်ခုဖြစ်သည့် ပြင်သစ်အခြေစိုက် GRET အဖွဲ့တွင် အမျိုးသမီးများဝင်ငွေတိုးလုပ်ငန်းအတွက် အဆိုပြုလွှာကို လျှောက်ထားခဲ့ရာ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ရရှိခဲ့သည်။ ထိုငွေကြေးပံ့ပိုးကူညီမှုဖြင့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကျေးရွာ ၁၀ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးနှင့် အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ဆောင်ပေးနိုင်ခဲ့သည်။

*"ကျွန်မ ဒီသင်တန်းကိုကြားရတော့ အရမ်းစိတ်လှုပ်ရှားပြီး အိပ်တောင်မပျော်ခဲ့ဘူး။"*


စီမံကိန်းကျေးရွာတိုင်းတွင် အမျိုးသမီးအဖွဲ့များကိုဖွဲ့စည်းပြီး အိမ်ထောင်စုတစ်စုကို ဘဲ ၄၅ ကောင်ကျစီဖြင့် အိမ်ထောင်စု ၅၀ ကို ဖြန့်ပေးခဲ့သည်။ အဆိုပါဘဲများမှ ဥသည့်ဥများကိုရောင်းချပြီးဝင်ငွေကို မိသားစုအတွက် အသုံးပြုခဲ့ကြသည်။ အဖွဲ့ဝင်တိုင်း ဘဲဥရောင်းချရသည့်ဝင်ငွေမှ သတ်မှတ်ထားသည့် ငွေကြေးကိုစုဆောင်းပြီး အခြားသောအမျိုးသမီးများအဖွဲ့ အတွင်းတွင်ပါဝင်လာကြစေ ရန် ပံ့ပိုးပေးခြင်းအတွက် အသုံးပြုကြသည်။ ယခုကဲ့ သို့လုပ်ဆောင်ကြခြင်းသည် အလွန်ထိရောက်မှုရှိပြီး နောက်ထပ်အိမ်ထောင်စု အသစ် ၃၀ ကို ငွေစုသည့်အဖွဲ့အတွင်းတွင် ပါဝင်လာစေရန်လုပ်ဆောင်နိုင်ခဲ့သည်။ ထိုသို့ ဝင်ငွေများရရှိလာကြခြင်းဖြင့် အမျိုးသမီးများအဖွဲ့ဖြင့်လုပ်ဆောင်ခြင်းနှင့် ၎င်းတို့၏အနာဂတ်အတွက် စီးပွားရေးဆိုင်ရာလိုအပ်သည့်စွမ်းရည်များကို လေ့လာ သင်ယူခွင့်ရရှိလာကြသည်။

ဝင်းမာထွေးသည် ရပ်ရွာအတွင်းနေထိုင်သူများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာလုပ်ဆောင်ပေးလိုသည်။ ယခုအချိန်တွင် ပန်းပျိုးသူအဖွဲ့သည် ရုံးတွင် ကွန်ပျူတာသင်တန်းများကို ပြုလုပ်ပေးလျှက်ရှိသည်။

ပန်းပျိုးသူအဖွဲ့ကိုဖွဲ့စည်းတည်ထောင်လုပ်ဆောင်လာခဲ့ရာ ယခုအချိန်တွင် အချိန်ပြည့်ဝန်ထမ်း ၄ ဦးနှင့် စေတနာ့ဝန်ထမ်း ၃၀ ဦးတို့ဖြင့်အလုပ်လုပ်ဆောင်လျှက်ရှိသည်။ ဝင်းမာထွေး၏ပြောကြားချက်မှာ -

*"ကျွန်မ She Leads သင်တန်းမတက်ခင်က အဖွဲ့အစည်းတစ်ခုကိုဘယ်လိုလုပ်မလဲဆိုတာကိုအတွေ့အကြုံမရှိဘဲ တစ်ဦးတည်းသာလုပ်ဆောင်ခဲ့တယ်။ ကျွန်မအနေဖြင့် သင်တန်းကာလတစ်လျှောက်အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ "*

ဝင်းမာထွေး၏ အောင်မြင်မှုမှာ ကြိုးစားအားထုတ်မှုဖြစ်သည်။ ယခုအချိန်တွင် GRET အဖွဲ့အစည်း မှ အရပ်ဘက်အဖွဲ့အစည်းများကို ရံပုံငွေပံ့ပိုးပေးသည့်အစီအစဉ်တွင် အကဲဖြတ်ပေးရသည့် အကဲဖြတ်လုပ်ငန်းကော်မတီဝင်တစ်ဦးဖြစ်လာသည်။ ထို့အပြင် ပန်းပျိုးသူအဖွဲ့အား ပုသိမ်မြို့တွင် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးကို ဆောင်ရွက်နေသည့် အဖွဲ့တစ်ဖွဲ့အနေဖြင့် အသိအမှတ်ပြုလာကြသည်။ ၂၀၁၈ ခုနှစ်တွင် ပုသိမ်မြို့၌ကျား/မရေးရာ အခြေပြုအကြမ်းဖက်မှုကိုဆန့်ကျင်သည့်လှုပ်ရှားမှုဖြစ်သည့် ၁၆ ရက်တာကာလ လှုပ်ရှားမှု အခမ်းအနားကို ကျင်းပခဲ့သည်။



ဂင်ငွေတိုးလုပ်ငန်း (ဘဲမွေးမြူရေး) အား ရပ်ရွာနေပြည်သူများနှင့် ဆွေးနွေးနေစဉ်။

# ည. တိုက်တွန်းနှိုးဆော်ခြင်း

အေးအေးမြင့်သည် မကွေးတိုင်းဒေသကြီး ၊ဆလင်းမြို့နယ်၊ ဇောင်းချမ်းကုန်းကျေးရွာတွင် သူမ၏မိခင်ဖြစ်သူနှင့် အသက် ၂၀၊ ၂၅ နှစ်ရှိကြသည့် သမီးနှစ်ဦးနှင့်အတူနေထိုင်သူဖြစ်သည်။ ၎င်းသည် သင်္ချာဘာသာရပ်ဖြင့်တက္ကသိုလ်မှဘွဲ့ရရှိခဲ့ပြီး နောက် လယ်ယာ နှင့်ကိုင်းလုပ်ငန်းများဖြစ်သည့် စပါးစိုက်ပျိုးခြင်း၊ နှမ်း၊ ကုလားပဲနှင့် ပဲတီစိမ်း စိုက်ပျိုးခြင်း လုပ်ငန်းကို လုပ်ကိုင်သည်။

အေးအေးမြင့်သည် ၂၀၁၅ ခုနှစ် *She Leads* သင်တန်းကို တက်ရောက်ခဲ့ပြီး ၎င်း၏ ရပ်ရွာနှင့် တိုင်းဒေသကြီးအရေးအရာများ တွင်ပါဝင်လုပ်ဆောင်လာခဲ့သည်။ အထူးသဖြင့်အမျိုးသမီးနှင့်လယ်သမားများအခွင့်အရေးနှင့်ပတ်သက်ပြီသက်ဆိုင်ရာတာဝန်ရှိသူများကို



*"She Leads သင်တန်းမတက်ရောက်ခင် အများရှေ့ စကားပြောရမှာ အရမ်းစိုးရိမ် ကြောက်ရွံ့ခဲ့တယ်။ အခုတော့ ကျွန်မတို့ ကိုယ်တိုင် စိတ်ဓာတ်တွေပြောင်းလဲပြီ၊ ကျွန်မတို့တွေ အမှန်တရားကိုပြောကြရမှာဖြစ်တယ်"*

**အေးအေးမြင့် ၊ မကွေးတိုင်းဒေသကြီး**



အေးအေးမြင့်သည် တွဲလက်ညီညီ သင်တန်းပြီးလုပ်ဆောင်မှုအား ဆောင်ရွက်နေစဉ်။

အင်တိုက်အားတိုက် တိုက်တွန်းနှိုးဆော်စည်းရုံးခြင်းများပြုလုပ်ခဲ့သည်။ ထိုသို့သော အကြောင်းအရာများကို လုပ်ဆောင်နိုင်ရန်အတွက် ၎င်းသည် တော်ဝင်သဇင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယခုအချိန်တွင် အဖွဲ့ဝင် ၂၀ နှင့်အတူ ကျေးလက်နေအမျိုးသမီးများ ဆုံးဖြတ်ချက်ချမှတ်သည့်နေရာများတွင် ပါဝင်လာရေးနှင့် အမျိုးသမီးအခွင့်အရေး မြှင့်တင်ပေးခြင်း တို့ကို ဆောင်ရွက်နေသည်။

*She Leads* သင်တန်းမှ တိုက်တွန်နှိုးဆော်ခြင်းများ လုပ်ဆောင်နိုင် ရန်အတွက် နည်းပညာများ၊ အသိပညာဗဟု သုတများ နှင့် ယုံကြည်မှု များ ရှိလာသည်ကိုအောက်ပါအတိုင်းပြောကြားခဲ့သည်။

*"သင်တန်းမှ ဒီလိုအသိပညာဗဟုသုတရရှိတဲ့အတွက်ကျေးဇူးတင်ပါတယ်။ အခုအခါမှာတော့ ဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေစတဲ့ အဆင့်မြင့်ရာထူးရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့စကားပြောဖို့ ယုံကြည်ချက်ရှိလာပြီဖြစ်တယ်။ ကျွန်မဟာ လယ်သမားတစ်ယောက်ဖြစ်တာနဲ့အညီ လယ်သမားအစုအဖွဲ့တွေပြုလုပ်တဲ့ အစည်းအဝေးတွေမှာ မေးခွန်းကိုဘယ်လိုမေးရမယ်၊ လူတွေတာဝန်ယူ၊ တာဝန်ခံမှုရှိအောင်ဘယ်လိုလုပ်ရမယ်ဆိုတာကို သိလာတယ်"*

အေးအေးမြင့်၏ တိုက်တွန်းနိုးဆော်ခြင်းစွမ်းရည်၊ လယ်ယာအကြောင်းအရာနှင့်ပတ်သက်၍ အသိ ပညာကြွယ်ဝသည့် စွမ်းရည်များကြောင့် ဆွေးနွေးညှိနှိုင်းပွဲလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာရန်ဖိတ်ကြားခံလာခဲ့ရသည်။ ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၏ ဖိတ်ကြားမှုဖြင့် အေးအေးမြင့်သည် မကြာသေးခင်အချိန်ကာလကမှ သတ္တုတူးဖော်ခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့်ပတ်သက်၍ ဆွေးနွေးမှုနှင့် အကြံပေးချက်များပေးနိုင်ရန် ဖိတ်ကြားခံရသည်။ ထို့အပြင် မကွေးဒေသ အလွှာပေါင်းစုံမှ သက်ဆိုင်သူများ ပါဝင်သည့် သစ်တောဥပဒေ အကောင်အထည်ဖော်ရေးဆိုင်ရာ ဆွေးနွေးပွဲ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးအစီအစဉ်နှင့် ပတ်သက်၍ အစိုးရ နှင့် ကုမ္ပဏီလုပ်ငန်းရှင်များ ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲတွင်လည်း တက်ရောက် ဆွေးနွေးရန်ဖိတ်ကြားခံရသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် အေးအေးမြင့်သည် လယ်သမားများကိုယ်စား ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းများ စတင်မလုပ်ဆောင်မီကပင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးအစီအစဉ်များ ရေးဆွဲထားရန် လိုအပ်ကြောင်း အလေးထားပြောဆိုကာ တိုက်တွန်းနိုးဆော်မှုပြုလုပ်ခဲ့သည်။ ၎င်းမှ ရှင်းပြသည်မှာ -

*"ကုမ္ပဏီများမှ ဓာတ်သတ္တုများတူးဖော်ပြီးနောက် သတ္တုကြွင်းကျန်အမှိုက်များကို ကျေးရွာအဝင်နှင့် လယ်ကွင်းအနီး အနားမှာ ပုံထားခဲ့ကြတယ်။ မိုးရွာလာတဲ့အခါ မိုးရေနဲ့ ကျောက်မီးသွေးကြွင်းကျန်အမှိုက်တို့ရောပြီး စပါးစိုက်ခင်း များသို့ဝင်ကာ သီးနှံများပျက်စီးရပါတယ်။ ဒီအတွက် ဆန်အထွက်နှုန်းက ဘယ်လိုမှ မတက်လာတော့ဘူး။ ဒီအကြောင်းအရာကို ကျွန်မတို့ ညှိနှိုင်းဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးခဲ့ပါတယ်"*

အေးအေးမြင့်သည် အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍လည်း တိုက်တွန်းနိုးဆော်မှုများပြုလုပ်ရန် စိတ်အား ထက်သန်သူဖြစ်သည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး ရပ်ရွာတွင် အသိပညာပေးလုပ်ငန်းများ လုပ်ကိုင်ခြင်းရှိသကဲ့သို့ အမျိုးသမီး များအား အကြမ်းဖက်မှုမှကာကွယ်ရေးဥပဒေ အမြန်ဆုံး ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ၂၀၁၈ ခုနှစ် ဩဂုတ်လတွေ့ဆုံသည့်အချိန်က တိုက်တွန်းပြောဆိုမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်ဆူဇန်နာလှလှစိုး (ယခင်အမျိုးသမီးနှင့် ကလေးသူငယ်ကော်မတီအတွင်းရေးမှူး) နှင့် တွေ့ဆုံ၍ မုဒိမ်းမှုများကိုစစ်ဆေးရာတွင် လုပ်ငန်းများမြန် မြန်ဆန်ဆန်လုပ်ဆောင်ပြီးစီးရန် အထူးတရားရုံးများ လိုအပ်သည်ကို တိုက်တွန်း နိုးဆော်ပြောခဲ့သည်။

.

# ၅. လူငယ်အမျိုးသမီး

ကြည်ဖုန်းဝင်းသည် အသက် ၂၃ နှစ်အရွယ်ရှိပြီး မိခင်၊ ညီအစ်ကို၊ မောင်နှမ ၄ ဦးနှင့်အတူ နေပြည်တော်အနီး ပျဉ်းမနားမြို့တွင် နေထိုင်လျှက်ရှိသည်။ သူမသည် စီးပွားရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုရရှိထားသူဖြစ်ပြီး စာရေးဆရာမတစ်ဦးဖြစ်ရန်စိတ်အားထက်သန်သူဖြစ်သည်။ ၎င်း၏စာပေကိုချစ်မြတ်နိုးစိတ်သည် နေပြည်တော်တွင်ရှိသည့် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းသို့ဝင်ရောက်ရန်အတွက် တွန်းအားပေးခဲ့သည်။ ကြည်ဖုန်းဝင်းအနေဖြင့် ယခုအချိန်တွင် အဖွဲ့ဝင် ၅၀ ခန့်ရှိသည့် အဆိုပါအဖွဲ့တွင် ဘုတ်အဖွဲ့ဝင်တစ်ဦးအနေဖြင့်လုပ်ဆောင်နေသည်။ ၎င်းသည် *She Leads* လူငယ်အမျိုးသမီးသင်တန်းကို ၂၀၁၈ ခုနှစ် မတ်လတွင် တက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းက သူမ၏အမြင်အပေါ် လုံးဝပြောင်းလဲသွားစေသည်ဟုပြောကြားခဲ့သည်။

*" အရင်တုန်းက လူတွေသာ စာတွေဖတ်ကြရင် နိုင်ငံငြိမ်းချမ်းလာမယ် ၊ တိုးတက်လာမယ်ထင်ခဲ့တယ်။ အခုတော့ နိုင်ငံတစ်နိုင်ငံ တိုးတက်ပြောင်းလဲလာဖို့ နိုင်ငံမှာရှိတဲ့လူတွေက အစိုးရနဲ့ အတူ လုပ်ဆောင်ဖို့ လိုတယ်လို့ ထင်ပါတယ်။"*



## ကြည်ဖုန်းဝင်း၊ နေပြည်တော်



ကြည်ဖုန်းဝင်းသည် အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာ သင်တန်းပြီး လုပ်ဆောင်မှုအား ပါဝင်ဆောင်ရွက်နေစဉ်။

*"She Leads သင်တန်းက ကျွန်မရဲ့ စိတ်ကိုဖွင့်လှစ်ပေးခဲ့သလို ကျွန်မရဲ့အသိပညာဗဟုသုတကိုလည်း တိုးပွားစေခဲ့ပါတယ်။ အရင်တုန်းကတော့ ကျွန်မ အမျိုးသမီးပါဝင်မှုနဲ့ပတ်သက်ပြီး စဉ်းလည်းမစဉ်းစားသလို စိတ်ဝင်စားမှုလည်းမရှိခဲ့ဘူး။ စီဒေါ်အကြောင်းကိုလည်းကျွန်မ မသိခဲ့ဘူး။ အခုကျွန်မလေ့လာသိရှိလိုက်ရတာ က အမျိုးသားတွေလုပ်သလို အမျိုးသမီးတွေလည်းလုပ်နိုင်တယ်ဆိုတာဘဲ။ ခေါင်းဆောင်မှုဆိုတာ ကျား/မ ရေးရာအပေါ် အခြေမတည်သင့်ဘူး။ အောင်မြင်အောင်လုပ်ဆောင်နိုင်တဲ့သူအပေါ်ဘဲ အခြေတည်သင့်တယ်"*

အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍများတွင် ပါဝင်ရန် လိုအပ်သည်ကို အများသိစေရန်ရည်ရွယ်ပြီး တွဲလက်ညီညီကမ်ပိန်းနှင့်အသိပညာပေးလုပ်ငန်းကို ကျေး ရွာ ၄ ရွာတွင် ပြုလုပ်ခဲ့သည်။ကမ်ပိန်းတွင် အသုံးပြုမည့်အထောက်အကူပြုပစ္စည်းများကိုယူ၍ အမျိုးသားများဖြစ်ကြသည့် ကျေးရွာလူကြီးနှင့် ရာအိမ်မှူးတို့ထံတွင် ခွင့်ပြုချက်ရရန် ပထမဦးဆုံးလုပ်ဆောင်ခဲ့သည်။

*" ပထမမှာတော့ သူတို့တွေအင်တင်တင်ဖြစ်နေကြတယ်။ ဒါပေမယ့် ကျွန်မက ပြောမယ့်အကြောင်းအရာနဲ့ ဘာကြောင့်အမျိုးသမီးတွေပါဖို့အရေးကြီးတယ်ဆိုတာကို လေ့လာသင်ယူထားတဲ့အချက်တွေအပေါ် အခြေခံပြီး ရှင်းပြလိုက်တော့ သူတို့တွေလက်ခံလာကြတယ်။ သူတို့က ကျွန်မ ရပ်ရွာမှာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ပေးနေတဲ့ ဆရာမတစ်ဦးဖြစ်တယ်ဆိုတာကို သိထားတာကြောင့်လည်း ယုံကြည်တာပါတယ်။"*

ကြည်ဖုန်းဝင်းအနေဖြင့် ကျေးရွာလူကြီးများထံမှသာခွင့်ပြုချက်တောင်းခံရခြင်းမဟုတ်ဘဲ ၎င်း၏ မိခင်ကိုလည်း စည်းရုံးသိမ်းသွင်းခဲ့ရသည်။ ၎င်း၏မိခင်က အစပထမတွင် ထိုသို့လုပ်ဆောင်မည့်အရာသည် နိုင်ငံရေးအရမ်းဆန်ကြောင်းနှင့် သမီးနှင့်မသင့်တော်ကြောင်းပြောကြားခဲ့သည်။ သို့ရာတွင် ကြည်ဖုန်းဝင်းမှ ၎င်း၏မိခင်အား ၎င်းမျှဝေခြင်းပြုလုပ်သည့်အစီအစဉ်တစ်ခုကို တက်ရောက်နားထောင် စေခဲ့ရာ မိခင်မှ သဘောပေါက်လာပြီးနောက် ပိုင်းတွင် အပြည့်အဝပံ့ပိုးမှုပေးလာသည်။

*She Leads* သင်တန်းမှ ကြည်ဖုန်းဝင်းအား ၎င်း၏ရပ်ရွာတွင် လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်လာစေရေန် လိုအပ်သည့် စွမ်းရည်များနှင့် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်းကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

*"ခေါင်းဆောင်မှု၊ အသင်းအဖွဲ့ဖြင့်လုပ်ဆောင်ခြင်းနဲ့ အများရှေ့မှာစကားပြောခြင်းတွေက အများကြီးအသုံးဝင်ခဲ့တယ်။ အရင်တုန်းကတော့ ကျွန်မ အများရှေ့မှာစကားပြောရတာကို စိုးရိမ်ကြောက်ရွံ့မှုဖြစ်ခဲ့တယ်။ ကျွန်မရဲ့ အသံကတုန်ပြီး ဒူးတွေတုန်တယ်။ နောက်ပိုင်း ကျွန်မဘာပြောချင်တယ်ဆိုတာကို အရင်ချရေးတယ်၊ ပြီးရင် မိသားစုဝင်တွေရှေ့မှာလေ့ကျင့်တယ်။ အခုတော့ ကျွန်မယုံကြည်မှုတွေရှိလာပြီး လုပ်လည်းလုပ်လာနိုင်တယ်။ အခုဆိုရင် ကျွန်မ ခေါင်းဆောင်တစ်ဦးအနေနဲ့ခံစားလာရတယ်။"*

ကြည်ဖုန်းဝင်းမှ ၎င်း၏မျှဝေသည့်အစီအစဉ်အပေါ် အမျိုးသမီးများမှ ကောင်းမွန်သည့်တုန့်ပြန်ချက်များပေးကြသည့်အတွက် ရပ်ရွာအတွင်းတွင် အမျိုးသမီးစွမ်းရည်မြင့်တင်ရေးအစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားလိုသည့် ဆန္ဒပြင်းပြစွာရှိနေသည်။ ၎င်းအနေဖြင့် ကျား/မရေးရာအခြေပြုအကြမ်းဖက်မှုအကြောင်းကိုစိတ်ဝင်စားပြီး၊ အမျိုးသမီးအခွင့်အရေးများနှင့်ဆိုင်သည့်ဥပဒေများကိုလည်းလေ့လာလိုသည်။သို့မှသာအမျိုးသမီးများကို အသိပညာပေးနိုင်မည်ဖြစ်သည်။ သူမအနေဖြင့် အခြားသောအမျိုးသမီးများအားလည်း ပါဝင်လုပ်ဆောင်လာကြ စေရန်အားပေးမှုပြုလုပ်လိုသည့်အတွက် ၎င်းမှပေးသည့် သတင်းစကားမှာ -

*" " ကျွန်မကတော့ အမျိုးသမီးတွေ အမျိုးသမီးဖြစ်ခြင်းကြောင့် နောက်မှာရပ်နေတာကိုမဖြစ်စေချင်ဘူး။ ကျွန်မအနေနဲ့ သူတို့ကိုသိစေချင်တာက အမျိုးသမီးတွေသည် အမျိုးသားများနဲ့အတူတူလုပ်နိုင်တယ် ဆိုတာကိုဘဲ။"*




ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်လမ်ကျေးရွာအတွင်းရှိ တိုင်းရင်းသူအမျိုးသမီးများကကမ်ပိန်းတွင် ဓာတ်ပုံရိုက်ကူးခြင်းဖြင့် ပံ့ပိုးပါဝင်နေပုံ။







မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးထုရဲ့အသံတွေကို ကြားလာအောင်၊ ပြီးရင် ယုံကြည်မှုကိုအခြေခံကာ စည်းလုံး မှုတည်ဆောက်ထားတဲ့ အမျိုးသမီးထုကြီးတစ်ရပ်ဖြစ်လာအောင် *She Leads* က ဖန်တီးပေး လိုက်တာပါပဲ။ *She Leads* သင်တန်းသူတွေဟာ ခေါင်းဆောင် တွေအဖြစ် ယုံကြည်လှုပ်ရှားလာကြပြီး နဂိုရှိရင်းစွဲ အခြေအနေ တစ်ခုကိုပြောင်းလဲလာဖို့ ကူညီဆောင်ရွက်နေကြတာဘဲဖြစ်ပါတယ်။ ပိုပြီး တရားမျှတ တဲ့၊ ဒီမိုကရေစီ သဘောသဘာဝနဲ့ပြည့်စုံတဲ့ လူ့အဖွဲ့ အစည်းတစ်ရပ်ဖြစ်လာဖို့အတွက်ဆိုရင် ဒီလိုလုပ်ဆောင်မှုတွေဟာ တစ်ကယ့်ကို လိုအပ်နေမှာလည်း ဖြစ်ပါတယ်။

ခင်လှ

ဒါရိုက်တာ

ရောင်ခြည်သစ်

